မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၅ ရက်၊ ၂၀၁၂ ခုနှစ်၊ ဧပြီ ၂၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၀၃)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး (၂၇)ရက်မြောက်နေ့ ဆက်လက်ကျင်းပ

သဝဏ်လွှာများ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်းတို့ ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၄

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၇)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်ထောင်စုလွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ် (၅၉၇)ဦးတို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ သဝဏ်လွှာများ မှတ်တမ်းတင်ခြင်းနှင့် အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

သဝဏ်လွှာများမှတ်တမ်းတင်ခြင်းကဏ္ဍ၌ ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန် အစည်းအဝေး ရပ်နားထားစဉ်ကာလအတွင်း နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသည့် သဝဏ်လွှာများနှင့် ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်နာယက က ဖတ်ကြားတင်ပြပြီး မှတ်တမ်းတင်ဆောင်ရွက်သည်။

ယနေ့ မှတ်တမ်းတင်ဆောင်ရွက်သည့် သဝဏ်လွှာများတွင်ပါဝင်သော ကိစ္စရပ်များမှာ ပြည်ထောင်စု အစိုးရအဖွဲ့ နှစ်ပတ်လည်အစီရင်ခံစာနှင့် သုံးလပတ်အစီရင်ခံစာများပေးပို့ရေးကိစ္စ၊ နိုင်ငံခြားငွေလဲလှယ်နှုန်း စနစ်သစ်ပြောင်းလဲကျင့်သုံးခြင်းကိစ္စ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ လစဉ်ချီးမြှင့်ငွေ လျှော့ပေါ့ခံစားခြင်း၊ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာများ တိုးမြှင့်ပေးခြင်းနှင့် မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းကိစ္စတို့ဖြစ်ကြောင်း သိရသည်။

အစီရင်ခံစာဖတ်ကြားရှင်းလင်းခြင်းကဏ္ဍ၌ လွှတ်တော်အသီးသီးက ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့အား ပြည်ထောင်စုအဆင့်အဖွဲ့အစည်းအဖြစ် ထည့်သွင်းအဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ဖွဲ့စည်းပုံ အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်ညီညွတ်ခြင်းမရှိကြောင်း နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၏ ဆုံးဖြတ်ချက်များနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာကို ပူးပေါင်း ကော်မတီဥက္ကဋ္ဌ ဦးမြညိမ်းက ဖတ်ကြားရှင်းလင်းသည်။

လွှတ်တော်အသီးသီးက ဖွဲ့စည်းထားသည့် ကော်မတီ၊ ကော်မရှင်နှင့် အဖွဲ့တို့အား ပြည်ထောင်စု အဆင့်အဖွဲ့အစည်းအဖြစ် ထည့်သွင်း အဓိပ္ပာယ်ဖွင့်ဆိုခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များ နှင့် ညီညွတ်ခြင်း ရှိ/မရှိ အနက်အဓိပ္ပာယ်ဖွင့်ဆိုပေးရန် နိုင်ငံတော်သမ္မတကိုယ်စား ပြည်ထောင်စုရှေ့နေချုပ်က နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးသို့ တင်သွင်းလွှာအမှတ်(၁/၂၀၁၂) ဖြင့် တင်သွင်းခဲ့ပြီး ထိုတင်သွင်းလွှာကို နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးက မတ် ၂၈ ရက်တွင် အပြီးသတ်ဆုံးဖြတ်ချက် ချမှတ်ခဲ့ခြင်းဖြစ်သည်။

ယင်းဆုံးဖြတ်ချက်အပေါ် ဥပဒေကြမ်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက် အစီရင်ခံစာနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ယနေ့ အစည်းအဝေးအပြီးတွင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း သိရသည်။

ယနေ့ အစည်းအဝေးကို နံနက် ၁၀ နာရီ ၅၅ မိနစ်တွင် ရပ်နားပြီး အစည်းအဝေး (၂၈)ရက်မြောက်နေ့ကို ဧပြီ ၂၆ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။**(သတင်းစဉ်)**

ပြည်ထောင်စုလွှတ်တော်နာယက ဦးခင်အောင်မြင့် ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန် အစည်းအဝေး (၂၇)ရက်မြောက်နေ့သို့ တက်ရောက်စဉ်။ (သတင်းစဉ်)

တက်ရောက်

ပထမအကြိမ် ပြည်ထောင်စုလွှတ်တော် တတိယပုံမှန် အစည်းအဝေး (၂၇)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
ယနေ့ ဖတ်စရာ မှတ်စရာ သတင်း အညွှန်း

မွန်ဂိုလီးယားဥ္စကမ္ဘာ့အဆင့်မီ နိုင်ငံတကာလေဆိပ် တည်ဆောက်နေ (စာ - ၄)

အမေရိကန်တွင် နှစ်သုံးဆယ်ကျော်ကြာပျောက်နေသော ခြောက်နှစ်အရွယ်ကလေးငယ်အား နို့ဘူးခွံများပေါ် ဓာတ်ပုံများကပ်ကာ ပြန်လည်ရှာဖွေရေးဆောင်ရွက် (စာ - ၅)

စပိန်လာလီဂါပွဲစဉ်(၃၄) ဆက်လက်ယှဉ်ပြိုင် အိုဆာစူနာနှင့် မာလာဂါတို့ သရေပွဲဖြစ် (စာ - ၁၀)

ဘာစီလိုနာအိုးပင်းတင်းနစ်ပြိုင်ပွဲ ပေါ်တူဂီတင်းနစ်သမား ဆိုဆာနိုင်ပွဲရ (စာ - ၁၀)

ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အစည်းအဝေးကျင်းပ

အစည်းအဝေးကျင်းပ

ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အစည်းအဝေးကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် ဧပြီ ၂၄

ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင် အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အဆောက်အအုံ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏အစည်းအဝေးခန်းမ၌ကျင်းပသည်။

ရှေးဦးစွာ ကော်မရှင်ဥက္ကဋ္ဌ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာက နှုတ်ခွန်းဆက်အမှာစကားပြောကြားသည်။ ထို့နောက် ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဦးဌေးမြင့်က အစည်းအဝေးကျင်းပရခြင်းနှင့်စပ်လျဉ်း၍ အစည်းအဝေးသို့ တက်ရောက် သတင်းရယူကြသည့် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများအား ရှင်းလင်းပြောကြားသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ဝင် ဦးမြသိန်းက ကော်မရှင်၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် ဖွဲ့စည်းပုံ၊ ပြည်သူ့လွှတ်တော်ကပြဋ္ဌာန်းပြီး ဥပဒေများနှင့် ရေးဆွဲပြီး ဥပဒေကြမ်းများ၊ တည်ဆဲ ဥပဒေများအပေါ်တွင် ပြင်ဆင်သင့်၊ ပယ်ဖျက်သင့်၊ အစားထိုးသင့်သော ဥပဒေများနှင့် ကော်မရှင်၏ နေ့စဉ်လုပ်ငန်းဆောင်ရွက်ချက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကော်မရှင်အဖွဲ့ဝင်များက ဥပဒေရေးရာကိစ္စရပ်များအား ဆွေးနွေးကြသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်၍ သတင်းရယူကြသည့် ပြည်တွင်း ပြည်ပသတင်းဌာနများနှင့် မီဒီယာများက သိရှိလိုသည့်ဥပဒေရေးရာကိစ္စရပ်များကို မေးမြန်းကြရာ တာဝန်ရှိသူ အသီးသီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား Sumitomo Corporation အဖွဲ့တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၄

စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဌေးအား ဂျပန်နိုင်ငံ Sumitomo Corporation ၏ Industrial Infrastructure Business Dept. မှ Deputy General Manager Mr. Takashi ISHIZUKA ဦးဆောင်သောအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။ **(ဓာတ်ပုံ)**

ယင်းသို့တွေ့ဆုံရာတွင် ဒုတိယဝန်ကြီး ဦးစိုးအောင်၊ ညွှန်ကြားရေးမှူးချုပ်နှင့် ဦးဆောင်ညွှန်ကြားရေးမှူးများတက်ရောက်ကြပြီး ဂျပန်နိုင်ငံ ကုမ္ပဏီကိုယ်စားလှယ်အဖွဲ့က စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ ရေနံချက်စက်ရုံများ၌ နည်းပညာနှင့် ငွေကြေးများရင်းနှီးမြှုပ်နှံ၍ ပူးပေါင်းဆောင်ရွက်လိုသည့်အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူများ၏ မြန်မာနိုင်ငံစီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးအတွက် စေတနာထားဆောင်ရွက်ချက်များအတွက် ကျေးဇူးအထူးတင်ရှိကြောင်း၊ ဂျပန်ကုမ္ပဏီများ၏ နည်းပညာကျွမ်းကျင်မှုအပေါ် ယုံကြည်မှုအပြည့်အဝရှိပါကြောင်းနှင့် မိမိတို့နိုင်ငံ၏ပြောင်းလဲကျင့်သုံးလျက်ရှိသော စီးပွားရေးမူဝါဒများအပေါ်အခြေခံ၍ ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် အကောင်းဆုံးနည်းလမ်းများကို ရှာဖွေပြီး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြောက်ပိုင်းဒေသများ နေရာကွက်၍ မိုးထစ်ချုန်းရွာနိုင်

နေပြည်တော် ဧပြီ ၂၄

ယနေ့ နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့သည်။ နေ့အပူချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တို့တွင် ဧပြီလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ် အထိပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ဧပြီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ ထူးခြားသည့် နေ့အပူချိန်များမှာ ချောက်မြို့တွင် ၄၃ ဒီဂရီစင်တီဂရိတ်၊ မုံရွာမြို့၊ မန္တလေးမြို့၊ မြင်းခြံမြို့နှင့် ညောင်ဦးမြို့တို့တွင် ၄၂ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ဖလမ်းမြို့တွင် ၁ ဒသမ ၀၇ လက်မ၊ ပူတာအိုမြို့၊ မချမ်းဘောမြို့၊ တမူးမြို့၊ ညောင်ဦးမြို့နှင့် ကျောက်ပန်းတောင်းမြို့တို့တွင် ၀ ဒသမ ၂၇ လက်မစီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

တွံတေးမြို့ ကွမ်းခြံရပ်ကွက်နေ မိဘနှစ်ပါးဖြစ်သော ဦးသိန်းဟံ၊ ဒေါ်အုန်းမြတို့အား ရည်စူး၍ ကျန်ရစ်သူသားသမီးများက တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေးအာဟာရအတွက် ငွေကျပ်သုံးသိန်းလှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ(၂) ဦးတင်လှိုင် လက်ခံယူစဉ်။ (၀၀၉)

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် ဧပြီ ၂၅ ရက်)

လူငယ်နှင့် အသက်မွေးဝမ်းကျောင်းအတတ်ပညာ

လူရယ်လို့ဖြစ်လာကြပြီဆိုလျှင် အလုပ်မလုပ်ရသူနည်း၏။ ဘဝတစ်ခုရပ်တည်မှုအတွက် အလုပ်ကို မလုပ်မဖြစ်လုပ်ကြရ၏။ အလုပ်လုပ်မှုလည်း ကောင်း၏။ အလုပ်လုပ်သောသူသည်သာလျှင် တန်ဖိုးရှိ၏။ အလုပ်မလုပ်သူသည် တန်ဖိုးမဲ့၏။ အလုပ်လုပ်သောသူသာလျှင် ဘဝတိုးတက်နိုင်၏။ ဘဝအာမခံချက်ရှိ၏။ ဘဝအာမခံချက်ရှိအောင် အလုပ်လုပ်ကြရမည်သာ။

ကဲ...ဘဝရပ်တည်မှုတစ်ခုရဖို့အတွက် ဘယ်လိုအလုပ်လုပ်ကြမည်နည်း။ ကာယနှင့်လုပ်မည်လား...၊ ဉာဏနှင့်လုပ်မည်လား...၊ နည်းလမ်းနှစ်လမ်းသာရှိ၏။ ကာယနှင့်လုပ်လျှင်ပင်ပန်းမည်၊ ဝင်ငွေနည်းမည်။ ဉာဏနှင့်လုပ်လျှင် ပင်ပန်းမှုနည်းမည်၊ ဝင်ငွေများမည်။ ဘဝတိုးတက်အောင်မြင်နိုင်သည်။ ကာယအလုပ်သည်ကား မခက်၊ ဉာဏအလုပ်သည်ကား ခက်၏။ လေ့ကျင့်ရသည်။ သင်ယူရသည်။ ကျွမ်းကျင်သောအတတ်ပညာတစ်ခုခုရှိမှ ဉာဏအလုပ်ကိုလုပ်နိုင်၏။

ဤသို့ဆိုလျှင် လူငယ်လူရွယ်တိုင်းသည် အသက်မွေးဝမ်းကျောင်းအတတ်ပညာတစ်ခုခုကို သင်ယူထားသင့်၏။ အသက်မွေးဝမ်းကျောင်း အတတ်ပညာတစ်ခုသည် ဘဝအာမခံချက်ကိုပေးနိုင်၏။ "နှုတ်မှုဆိုင်ရာ အတတ်ပညာဖြစ်စေ၊ လက်မှုဆိုင်ရာအတတ်ပညာဖြစ်စေ မည်သည့်အတတ်ပညာကိုမျှ သေးငယ်သည်၊ အဆင့်အတန်းနိမ့်သည်ဟု အထင်မသေးရာ။ အတတ်ပညာတစ်ခုတည်းပင် ဖြစ်ပါသော်လည်း ပြောင်ပြောင်စင်စင်ကျွမ်းကျင်အောင် တတ်မြောက်ထားပါမူ အသက်မွေး၍ရနိုင်သည်"ဟု လောကနီတိက ဆို၏။

ယနေ့ခေတ်တွင် ရေပန်းစားနေသော အသက်မွေးဝမ်းကျောင်းအတတ်ပညာများစွာရှိ၏။ စာရင်းကိုင်အတတ်၊ ကွန်ပျူတာအတတ်၊ အိမ်တွင်းမှုအတတ်၊ စီမံခန့်ခွဲမှုအတတ်၊ ဘာသာဗေဒအတတ်၊ စက်မှုလက်မှုအတတ်၊ အီလက်ထရွန်နစ်နည်းပညာအတတ်၊ ရောင်းဝယ်ဖောက်ကားမှုအတတ် စသည်ဖြင့်အတတ်ပညာမျိုးစုံရှိ၏။ ယင်းတို့သည်ကား အသက်မွေးဝမ်းကျောင်းအတတ်ပညာများပင်ဖြစ်သည်။ ထိုအသက်မွေးဝမ်းကျောင်း အတတ်ပညာများ တတ်မြောက်ထားကြသူများသည် ပြည်တွင်းအလုပ်အကိုင်ဌာနအသီးသီးတွင် လုပ်ကိုင်နိုင်ကြရုံမက ပြည်ပနိုင်ငံများသို့ပင် သွားရောက်လုပ်ကိုင်နိုင်သေး၏။

အသက်မွေးဝမ်းကျောင်းအတတ်ပညာသည် အလုပ်အကိုင်ရရှိရန် အခွင့်အလမ်းပင်ဖြစ်၏။ ယနေ့အလုပ်အကိုင်ဌာနအသီးသီးက အလုပ်ခန့်ကြရာတွင် ကျွမ်းကျင်မှုအတတ်ပညာတစ်ခုခုအပေါ်တွင်အခြေခံပြီး အလုပ်ပေးကြသည်။ လူငယ်လူရွယ်တိုင်းသည် တန်ဖိုးရှိသည့်အချိန်ကို အလဟဿမပြုန်းတီးစေဘဲ အသက်မွေးဝမ်းကျောင်းအတတ်ပညာများကို တတ်အောင်သင်ယူထားသင့်၏။ အသက်မွေးဝမ်းကျောင်း အတတ်ပညာများသည် အခြေခံပညာမတတ်သူများပင် သင်ယူနိုင်၏။ အနိမ့်ဆုံး အလှပြုပြင်မှုအတတ်၊ ယာဉ်မောင်းအတတ်လောက်ပင် တတ်ထားလျှင် အသက်မွေးဝမ်းကျောင်းပြုနိုင်၏။ ထို့ကြောင့်ပင် အသက်မွေးဝမ်းကျောင်းအတတ်ပညာကို အများက ထမင်းစားလက်မှတ်ဟုဆို၏။

သို့ပါသောကြောင့် လူငယ်လူရွယ်တိုင်းသည် အချိန်ကိုအကျိုးရှိစွာ အသုံးချကြပါ။ အသက်မွေးဝမ်းကျောင်းအတတ်ပညာတစ်ခုခုတတ်မြောက်ထားပါမှ ဘဝကိုလွယ်ကူရှင်သန်စွာ ဖြတ်သန်းနိုင်ပါမည်။ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိနိုင်ပါသည်။ လူငယ်နှင့်အသက်မွေးဝမ်းကျောင်းအတတ်ပညာသည် ကင်း၍မနေသင့်ပါ။ နွေရာသီအားလပ်ရက်များအတွင်း အသက်မွေးဝမ်းကျောင်း အတတ်ပညာတစ်ခုခုကို တက်ရောက်ထားကြပါရန် အသိပေးတိုက်တွန်းအပ်ပါသည်။ ။

◆ *ကျောဖုံးမှ*

ဂရန်အင်းများကို စျေးပြိုင်လေလံဆွဲဝယ်၍လည်းကောင်း၊ တစ်ဦးတစ်ယောက်တည်း ဆွဲဝယ်ရန် အခက်အခဲရှိပါက အစုအဖွဲ့ဖြင့် ဆွဲဝယ်၍လည်းကောင်း အပြေအကြေ ပေးဆောင်ကာ လုပ်ကိုင်ဆောင်ရွက်နိုင်ပါကြောင်း။

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် အခွန်ဆောင်ရေလုပ်သားများအတွက် ဝန်ထုပ်ဝန်ပိုးမဖြစ်စေသော သင့်တင့်သည့်နှုန်းထားဖြင့် ကိရိယာခွန်ကောက်ခံရန် ပြဋ္ဌာန်းထားရှိပြီး လက်လုပ်လက်စား ကျေးလက်နေပြည်သူများ တစ်ဝမ်းတစ်ခါးရှာဖွေစားသောက်နိုင်ရန် ဂရန်အင်း၊ သီးသန့်အင်းနှင့်တင်ဒါ ငါးဖမ်းကွက်များမှအပ ကျန်ရှိရေချိုငါးလုပ်ငန်းရေပြင်များတွင် ရေချိုငါးဖမ်းကိရိယာ (၁၆)မျိုးဖြစ်သည့် လက်ထွန်၊ ကိုင်းထောက်၊ ထောင်ကျင်း၊ ငါးမျှားတန်း၊ ဘူးမျှော၊ လက်ပစ်ကွန်၊ ရင်တွန်း၊ ပေါ်ခပ်၊ ယက်သဲ့၊ မြှုံးငယ်အမျိုးမျိုး၊ မြှုံးကြီး၊ တုတ်၊ တစောင်း၊ ဆောင်း၊ လှံထိုး၊ ဂုတ်နှင့် ရေငန်ငါးဖမ်းကိရိယာ(၆)မျိုးဖြစ်သည့် ပေါ်ခပ်၊ ယက်သဲ့၊ တိုင်ထောင်မျှင်၊ ပိုက်ခမင်း၊ ပိုက်စိမ်း၊ ခမင်းမြှုံးတို့ကို အခွန်အခပေးဆောင်ခြင်းမှ ကင်းလွတ်ခွင့်ပြု၍ လွတ်လပ်စွာရှာဖွေစားသောက်ခွင့်ပြုထားပြီးဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

အဆိုဆွေးနွေးခြင်းကဏ္ဍ၌ ယမန်နေ့ကတင်သွင်းခဲ့သော ကန်ပက်လက်မဲဆန္ဒနယ်မှ သူရဦးအောင်ကို၏ **တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ဝိုင်းဝန်းကူညီထောက်မပေးရေး** အဆိုနှင့်စပ်လျဉ်း၍ အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ငွေး၊ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်၊ ကွန်ဟိန်းမဲဆန္ဒနယ်မှ ဒေါ်နန်းဝါနု၊ ကောလင်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း၊ မော်လိုက်မဲဆန္ဒနယ်မှ ဦးသောင်း၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးရွှေမောင်(ခ)ဦးအဒူရော်ဇက်၊ ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးမြင့်စိုး၊ သီပေါမဲဆန္ဒနယ်မှ ဦးရဲထွန်း(ခ)ဦးမင်းထွန်း၊ ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းမောင်မောင်ညဏ်၊ လမ်းမတော်မဲဆန္ဒနယ်မှ ဦးခင်မောင်ဝင်းနှင့် အလုံမဲဆန္ဒနယ်မှ ဦးခိုင်မောင်ရည်(ခ)ဦးခင်မောင်ရည်တို့က တရားစီရင်ရေးတွင် အဓိကတာဝန်ရှိသူများသည် အမှုကိုဆောင်ရွက်ခြင်း၊ စီရင်ချက်ချမှတ်ခြင်းများကိုပြုလုပ်ရသူဖြစ်သည့်အတွက် တရားမျှတစွာ စီရင်ခြင်းဖြင့် တရားရေးမဏ္ဍိုင်ကို တည်တံ့စေနိုင်မည်ဖြစ်ပါကြောင်း၊ တရားရုံးအဆင့်ဆင့်တွင် အကျင့်သီလနှင့်ပြည့်စုံသော၊ အရည်အချင်းပြည့်ဝသော တရားသူကြီးများကို ရွေးချယ်ခန့်အပ်တာဝန်ပေးအပ်ခြင်းနှင့် တာဝန်ထမ်းဆောင်စဉ်အတွင်း အကျင့်သီလသမာဓိ ပျက်ယွင်းကြောင်း၊ လာဘ်ပေးလာဘ်ယူမှု ပြုလုပ်ကြောင်း ကျော်စောသတင်းရရှိသည့်အခါတွင် ယင်းတရားသူကြီးကို ထိရောက်သောအရေးယူမှု ပြုလုပ်ခြင်းဖြင့် တရားရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်ပြီး ထိန်းသိမ်းနိုင်မည် ဖြစ်ပါကြောင်း၊ တရားစီရင်ရေးမဏ္ဍိုင်ကို တည့်မတ်တည်တံ့စေရန်အတွက် ပြည်နယ်၊ တိုင်းဒေသကြီးများတွင် အကျင့်သီလနှင့်ပြည့်စုံပြီး အရည်အချင်းပြည့်သည့် ပုဂ္ဂိုလ်များပါဝင်သော တရားစီရင်ရေးကြီးကြပ်မှုကော်မတီကိုဖွဲ့စည်းပြီး သက်ဆိုင်ရာတရားရုံးများ၏ တရားစီရင်ဆောင်ရွက်ချက်များကို အခါအားလျော်စွာ စစ်ဆေးခြင်း၊ တည့်မတ်စေခြင်း၊ ညွှန်ကြားမှုများပေးခြင်း၊ အရေးယူခြင်းစသည်တို့ကိုပြုလုပ်ရန် လိုအပ်ပါကြောင်း၊ တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်မှန်ကန်မျှတသန့်ရှင်း ကြံ့ခိုင်စေရန်အတွက် အစိုးရမှစ၍ ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းကူညီထောက်မပေးရန် လိုအပ်ပါကြောင်းဖြင့် ထောက်ခံဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီး ဦးစိုးညွန့်က ယခုအဆိုသည် အပြုသဘောဆောင်သည့် အဆိုဖြစ်သည့်အတွက် ယေဘုယျအားဖြင့် လျော်ကန်သင့်မြတ်ပါကြောင်း၊ အဆိုတွင်ပါဝင်သော တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ခိုင်မာမှု ဥပဒေစိုးမိုးမှုရှိမည်ဖြစ်ပါကြောင်း၊ ဥပဒေစိုးမိုးမှ ပြည်သူများဥပဒေဘောင်အတွင်း လုံခြုံအေးချမ်းစွာ နေထိုင်အသက်မွေးဝမ်းကျောင်း ပြုနိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူ့ဘဝ လုံခြုံအေးချမ်းပြီး ဒီမိုကရေစီအခွင့်အရေးအပြည့်အဝခံစားနိုင်ရေးအတွက် တတိယမဏ္ဍိုင် ဖြောင့်မတ်ခိုင်မာနေရန် အလွန်အရေးကြီးကြောင်း တင်ပြချက်မှာ မှန်ကန်ပါကြောင်း။

တရားစီရင်ရေးမဏ္ဍိုင်ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် ဝိုင်းဝန်းကူညီထောက်မပေးရာတွင် လာဘ်ပေးလာဘ်ယူကိစ္စ၊ အဂတိတရားလိုက်စားမှုကိစ္စများကို ဝိုင်းဝန်းဖော်ထုတ်ပေးရန် လိုအပ်ပါကြောင်း၊ ကူညီထောက်မပေးသည်ကို အကြောင်းပြုပြီး တရားစီရင်ရေးတွင် ဝင်ရောက်စွက်ဖက်ခြင်း၊ လွှမ်းမိုးခြယ်လှယ်ခြင်းမဖြစ်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ သို့မဟုတ်ပါက လွတ်လပ်စွာတရားစီရင်ရေးကို ထိခိုက်စေမည် ဖြစ်ပါကြောင်း၊ လွတ်လပ်စွာတရားစီရင်ရေးမှုကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပြည်ထောင်စုတရားစီရင်ရေးဥပဒေများတွင် ပြဋ္ဌာန်းထားရှိပြီးဖြစ်ပါကြောင်း။

ပြန်လည်ဖြေကြား

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။
(သတင်းစဉ်)

ရှင်းလင်းဆွေးနွေး

တရားစီရင်ရေးမဏ္ဍိုင် ဖြောင့်မတ်ကြံ့ခိုင်စေရန်အတွက် တရားစီရင်ရေးကဏ္ဍက လွတ်လပ်စွာ တရားစီရင်ပိုင်ခွင့်ရှိရမည် ဖြစ်ပါကြောင်း၊ လွတ်လပ်စွာတရားစီရင်ရေးသည် အဂတိလိုက်စားမှု ကင်းရှင်းခြင်းအပေါ်အခြေခံပါကြောင်း၊ ထို့ကြောင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်က တရားရုံးအဆင့်ဆင့်တွင် အဂတိလိုက်စားမှုကင်းရှင်းစေရန် စိတ်ဓာတ်၊ ခံယူချက်မြင့်မားရေး၊ ကျင့်ဝတ်သိက္ခာထိန်းသိမ်းလိုက်နာရေး၊ အသိအမြင်မြှင့်တင်ရေး၊ စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်း၊ ဥပဒေတို့နှင့်အညီဆောင်ရွက်ရေး အစရှိသည့် ဘက်စုံချဉ်းကပ်မှုနည်းလမ်းများနှင့် ပညာပေးခြင်း၊ စည်းရုံးခြင်း၊ အသိပေးခြင်းများပြုလုပ်ပြီး အဂတိလိုက်စားမှုများတွေ့ရှိရပါက ထိရောက်စွာအရေးယူခြင်းတို့ကို အရှိန်အဟုန်မြင့် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းဆွေးနွေးသည်။

အဆိုရှင် သူရဦးအောင်ကို၏အဆိုကို ထောက်ခံသည့်ဦးရေများသည့်အတွက် အဆိုအတည်ဖြစ်ကြောင်း ဆုံးဖြတ်သည်။

ဥပဒေကြမ်းတင်သွင်းခြင်းကဏ္ဍ၌ ပြည်သူ့လွှတ်တော်ပညာရေးမြှင့်တင်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာချမ်းငြိမ်းက **၂၀၁၂ ခုနှစ် စာစစ်အဖွဲ့ဥပဒေကြမ်း**ကို တင်သွင်းသည်။

ဂွမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးကြည်သာ မေးမြန်းစဉ်။
(သတင်းစဉ်)

ကျောက်ကြီး မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးညဏ်ဆွေဝင်း မေးမြန်းစဉ်။
(သတင်းစဉ်)

အမည်စာရင်းတင်သွင်း

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးမည့်ရက်ကို ထပ်မံကြေညာမည်ဖြစ်ပြီး ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသူများအနေဖြင့် ပြင်ဆင်လိုသည့် ဥပဒေကြမ်း၏"အပိုဒ်၊ အပိုဒ်ခွဲ၊ အကြောင်းအရာ"ကို တိတိကျကျဖော်ပြ၍ ဧပြီ ၂၆ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ အမည်စာရင်းတင်သွင်းရန်ဖြစ်ကြောင်း သိရသည်။

ယနေ့အစည်းအဝေးကို ညနေ ၄ နာရီ ၅ မိနစ်တွင်ရပ်နားပြီး အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို ဧပြီ ၂၅ ရက် နံနက် ၁၀ နာရီတွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **(သတင်းစဉ်)**

ဟိုတယ်နှင့်ခရီးသွားလာရေး လုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင် မေးမြန်းချက်များကို ပြန်လည်ဖြေကြားစဉ်။
(သတင်းစဉ်)

မကွေးတိုင်းဒေသကြီးလွှတ်တော်အထူးအစည်းအဝေး ပထမနေ့ ကျင်းပ

နေပြည်တော် ဧပြီ ၂၄

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂) ပထမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးရဲမြင့်၊ တိုင်းဒေသကြီးလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်နှင့် လွှတ်တော်ကိုယ်စားလှယ်များ တက်ရောက်ကြသည်။



တင်ပြ

အစည်းအဝေးတွင် ၂၀၁၂ ခုနှစ် မကွေးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်း တင်သွင်းခြင်း၊ ယင်း ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေပြုရေးဆိုင်ရာကော်မတီ၏ အစီရင်ခံစာကို တင်ပြခြင်းများ ဆောင်ရွက်ကြပြီး အထူးအစည်းအဝေး ပထမနေ့ကို နံနက် ၁၀ နာရီ ၃၇ မိနစ်တွင် ရပ်နားလိုက်သည်။ **(သတင်းစဉ်)**

အစည်းအဝေးကျင်းပ

ပထမအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော် အထူးအစည်းအဝေး (၁/၂၀၁၂) ပထမနေ့ ကျင်းပစဉ်။
(သတင်းစဉ်)

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ GSM/WCDMA မိုဘိုင်းတယ်လီဖုန်းများ မြန်မာနိုင်ငံအနှံ့ နေရာဒေသမရွေး ယူဆောင်ဆက်သွယ်ပြောဆို သုံးစွဲနိုင်မည့်အခြေအနေ အသိပေးတင်ပြချက်

စာအမှတ်၊ လငစ-၇၂-၈/ မိုဘိုင်း/၁၂-၁၃/၄၅၉
ရက်စွဲ၊ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂၅ ရက်

၁။ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းသည် မိုဘိုင်းတယ်လီဖုန်းတိုးချဲ့တပ်ဆင်ရေးစီမံကိန်း ပထမနှစ်၊ ပထမအဆင့်စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ ပြည်သူများ မိုဘိုင်းတယ်လီဖုန်းအဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရန် ၂၀၁၂ ခုနှစ် မတ်လ ၁၄ ရက်နေ့မှစတင်၍ GSM/WCDMA Mobile ဖုန်းများကို ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် အစီအစဉ်အတိုင်း အဆင့်အလိုက်ရောင်းချပေးခဲ့ပါသည်။

၂။ ထိုကဲ့သို့ ၂၀၁၂ ခုနှစ် မတ်လ ၁၄ ရက်နေ့မှစ၍ ရောင်းချပြီးသည့် GSM/ WCDMA Mobile ဖုန်းများသည် ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးမြို့စည်ပင်သာယာနယ်နိမိတ်များအတွင်းသို့ လောလောဆယ်တွင် ယူဆောင်၍ ဆက်သွယ်ပြောဆိုနိုင်ခြင်းမရှိသေးပါကြောင်း၊ ကျန်ရှိသည့် မြန်မာနိုင်ငံတစ်ဝန်းရှိ GSM/ UMTS Station ရှိသည့်နေရာများတွင်မူ ဆက်သွယ်ပြောဆိုနိုင်မည်ဖြစ်ပါကြောင်းနှင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် GSM /UMTS Network အား ပိုမိုကောင်းမွန်အောင်ဆောင်ရွက်ခြင်း၊ Transmission လမ်းကြောင်းများနှင့် Gateway များ တိုးချဲ့ဆောင်ရွက်ခြင်းလုပ်ငန်းများပြီးစီးမည့် ၂၀၁၂ ခုနှစ် မေလ ပထမပတ်တွင် နေရာဒေသမရွေး ယူဆောင်ဆက်သွယ်ပြောဆိုနိုင်မည်ဖြစ်ကြောင်း အသိပေးထုတ်ပြန်ခဲ့ပြီးဖြစ်ပါသည်။

၃။ ယခုအခါ လိုအပ်သည့် စက်မှုပိုင်းဆိုင်ရာများ ဆောင်ရွက်ပြီးစီးပြီ ဖြစ်ပါ၍ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် မတ်လ ၁၄ ရက်နေ့မှစ၍ ရောင်းချခဲ့ပြီးဖြစ်သော GSM/WCDMA မိုဘိုင်းတယ်လီဖုန်းများကို ၂၀၁၂ ခုနှစ် မေလ ၃ ရက်နေ့မှစတင်၍ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးမြို့များအပါအဝင် မြန်မာနိုင်ငံအနှံ့ GSM/ UMTS Station ရှိသည့်နေရာများတွင် နေရာဒေသမရွေး ယူဆောင် ဆက်သွယ်သုံးစွဲနိုင်မည်ဖြစ်ပါကြောင်း လေးစားစွာ အသိပေးတင်ပြအပ်ပါသည်။

မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း

အသေးစားချေးငွေလုပ်ငန်းသမဝါယမအသင်းလီမိတက်ဖွဲ့စည်း

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တိုင်းဒေသကြီး ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအစီအစဉ်တစ်ရပ်အနေဖြင့် လှိုင်သာယာမြို့နယ် ရွှေလင်ပန်းကျေးရွာအသေးစားချေးငွေလုပ်ငန်း သမဝါယမအသင်း လီမိတက်ဖွဲ့စည်းရေးအခမ်းအနားကို ဧပြီ ၂ ရက်က မြို့နယ်သမဝါယမဦးစီးဌာနရုံးခန်းမ၌ ကျင်းပသည်။

ဖွဲ့စည်းပေး

အဆိုပါ အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး တိုင်းအဆင့်ဖွဲ့စည်းရေးကော်မရှင်အဖွဲ့ဝင် သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်မင်း၊ မြို့နယ်အဆင့်သမဝါယမဖွဲ့စည်းရေးကော်မရှင်ဥက္ကဋ္ဌ ဦးစီးအရာရှိ ဦးသိန်းမင်းတို့က ဥက္ကဋ္ဌ ဦးတင်ဆန်း၊ အုပ်ချုပ်မှုဒါရိုက်တာ ဦးသန်းထိုက်၊ ဒါရိုက်တာငါးဦးတို့နှင့် စာရင်းစစ်နှစ်ဦးတို့ဖြင့် ဖွဲ့စည်းပေးခဲ့ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

❒ *ကျောဖုံးမှ*

အဆိုပါ စီမံကိန်းကို ရုပ်ရှင်ဒါရိုက်တာလည်းဖြစ်၊ စူးစမ်းရှာဖွေရေးသမားလည်းဖြစ်သည့် ဂျိမ်းကင်မရွန်းနှင့် ဂူဂဲအမှုဆောင်အကြီးအကဲ လာရီပိတ်တို့က ဦးစီးဦးဆောင်ပြုလုပ်သွားမည်ဟု ဆိုသည်။

ယင်းအစီအစဉ်ကို ၂၀၂၀ ခုနှစ်တွင် စတင်ဆောင်ရွက်သွားမည်ဟု အဆိုပါ ပုဂ္ဂိုလ်များက ပြောကြားသည်။ **(အင်တာနက်)**

ဓာတ်ဆီဖြည့်မှု သတိပြု

ပူပြင်းသောရာသီကာလနေ့လယ်ချိန်များတွင် မော်တော်ယာဉ်များ ဓာတ်ဆီဖြည့်ခြင်းနှင့် ဓာတ်ဆီလဲလှယ်ခြင်းများ ပြုလုပ်စဉ် ပွတ်တိုက်မှု (Friction)မှ သဘာဝတည်ငြိမ်လျှပ်စစ် (Static Electricity)တို့ ဖြစ်ပေါ်တတ်မှုကြောင့် မီးလောင်မှုများ ဖြစ်ပွားနိုင်ပါသဖြင့် ရာသီဥတု ပူပြင်းချိန်တွင် ပလတ်စတစ်ပုံးဖြင့် ဓာတ်ဆီဖြည့်ခြင်းနှင့် လဲလှယ်ခြင်းများကို သတိပြုရှောင်ကြဉ်ကြပါရန်။

မြန်မာ့အလင်း ဟာသအမောပြေ

ဒီလိုဝယ်ပါ **အာကာဟိန်း - ရေးသားသည်**

အသက် ငါးနှစ်ပြည့် မွေးနေ့ကျင်းပပေးရန် မိခင်ဖြစ်သူက သားငယ်ကိုခေါ်ကာ ပြောပြလေသည်။

မိခင် ။ ။ သားကိုဝမ်းသာစရာ ပြောရဦးမယ်။
သား ။ ။ ဘာများလဲမေမေ။
မိခင် ။ ။ သားမွေးနေ့လုပ်ပေးမလို့။
သား ။ ။ ဟုတ်လား…ဝမ်းသာလိုက်တာ။
မိခင် ။ ။ ဒါပေမယ့်. . မေမေတို့အိမ်သားတွေနဲ့ပဲလုပ်မှာပါ။
သား ။ ။ ဟုတ်ကဲ့ပါ။
မိခင် ။ ။ ကဲ. . သားရဲ့ ငါးနှစ်ပြည့်မွေးနေ့ဆိုတော့ ဖယောင်းတိုင်ငါးတိုင်နဲ့ ကိတ်မုန့်တစ်လုံးဝယ်မယ်။
သား ။ ။ အဲဒီလိုမဝယ်နဲ့ မေမေ။
မိခင် ။ ။ ဘာဖြစ်လို့လဲသားရဲ့။
သား ။ ။ ကိတ်မုန့်ငါးလုံးနဲ့ ဖယောင်းတိုင်တစ်တိုင်ပဲဝယ်ပါ။
မိခင် ။ ။ "ဟေ"

အင်ဒိုနီးရှားရှိ လိုကန်မီးတောင်ပေါက်ကွဲမှုဖြစ်ပွား

ဂျကာတာ ဧပြီ ၂၄

အင်ဒိုနီးရှားနိုင်ငံရှိ လိုကန်မီးတောင်သည် ဧပြီ ၂၄ ရက် ဒေသစံတော်ချိန် နံနက် ၁၀ နာရီ မိနစ် ၂၀ မှစတင်ကာ ပေါက်ကွဲမှုဖြစ်ပေါ်လျက်ရှိကြောင်း အင်ဒိုနီးရှား အရာရှိများက သတင်းထုတ်ပြန်သည်။ **(အပေါ်ပုံ)**

ထွက်ပေါ်လျက်ရှိ

ဆူလာဝေဆီပြည်နယ်ရှိ ၎င်းမီးတောင်ပေါက်ကွဲမှုကြောင့် မီးတောင်မှ ၅ ကီလို မီတာအကွာအဝေးအထိ မြေပြင်တုန်ခါမှုဖြစ်ပေါ်လျက်ရှိသည်။ မီးတောင်ထိပ်ဝမှ မီးခိုး၊ ပြာမှုန်နှင့် မီးတောက်မီးလျှံများ ဝေဟင်သို့ လွင့်ပျံ့ထွက်ပေါ်လျက်ရှိသည်။

ထုတ်ပြန်ထား

မီးတောင်ပေါက်ကွဲနေမှုကြောင့် ၎င်းမီးတောင်မှ ၂ ဒသမ ၅ ကီလိုမီတာအကွာ ဝန်းကျင်ဧရိယာအတွင်း မည်သူမျှ ဖြတ်သန်းသွားလာခြင်းမပြုရန် အင်ဒိုနီးရှား အာဏာပိုင်များက သတိပေးချက်ထုတ်ပြန်ထားသည်။

ထို့အတူ မီးတောင်အနီး ၅ ကီလိုမီတာအကွာအတွင်းနေထိုင်သော ဒေသခံ များအား အထူးသတိပြုနေထိုင်ကြရန်လည်း တာဝန်ရှိသူများက သတိပေးချက်များ ထုတ်ပြန်ထားသည်။ **(အင်တာနက်)**

မွန်ဂိုလီးယား၌ ကမ္ဘာ့အဆင့်မီ နိုင်ငံတကာလေဆိပ်တည်ဆောက်နေ

အူလန်ဘာတာ ဧပြီ ၂၄

နိုင်ငံတကာမှ ခရီးသွားများတိုးမြင့်လာရောက်ရေးနှင့် ကုန်ပစ္စည်းများတိုးမြှင့် သယ်ဆောင်ပေးနိုင်ရန်တို့အတွက် မွန်ဂို လီးယားနိုင်ငံတွင် ကမ္ဘာ့အဆင့်မီ နိုင်ငံတကာလေဆိပ်ကြီး တစ်ခုတည်ဆောက်လျက်ရှိကြောင်း မွန်ဂိုလီးယားအရာရှိများက ဧပြီ ၂၄ ရက်တွင် ပြောကြားသည်။

တည်ဆောက်နေ

ယခုတည်ဆောက်လျက်ရှိသည့် နိုင်ငံတကာလေဆိပ် သစ်ကို မွန်ဂိုလီးယားအစိုးရနှင့် ဂျပန်နိုင်ငံတို့က ၂၀၀၈ ခုနှစ်၌ သဘောတူညီချက်အရ အမေရိကန်ဒေါ်လာ ၃၅၈ သန်း အကုန်အကျခံကာ တည်ဆောက်နေခြင်းဖြစ်သည်။ **(ယာပုံ)**

လေဆိပ်တည်ဆောက်နေသည့်နေရာမှာ အူဆန်ဘာတာမြို့မှ ကီလိုမီတာ ၆၀ ခန့်အကွာတွင်ဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် အပြီးတည်ဆောက်သွားမည်ဖြစ်သည်။ အဆိုပါ လေဆိပ်ကြီးတည်ဆောက်ပြီးစီးပါက တစ်နှစ်လျှင်ခရီးသည် ၁ ဒသမ ၆၅ သန်းခန့် ဝင်ထွက်သွားလာနိုင်မည်ဖြစ်သည်။

ထို့အတူ နှစ်စဉ်လေကြောင်းခရီးစဉ်ဖြင့် ကုန်တန်ချိန် ၁၁၉၀၀ တန်ကိုလည်း သယ်ယူပို့ဆောင်ပေးနိုင်မည်ဖြစ်သည်။ တစ်ဖန် ယင်းလေဆိပ်သည် မွန်ဂိုလီးယားနိုင်ငံတွင် အကြီးဆုံးလေဆိပ်ဖြစ်လာမည် ဖြစ်သည်။ **(အင်တာနက်)**

ရုရှားအရှေ့ပိုင်းကမ်းလွန်၌ ဖြူဖွေးနေသော ဝေလငါးတစ်ကောင်တွေ့ရှိ

မော်စကို ဧပြီ ၂၄

ရုရှားနိုင်ငံ အရှေ့ပိုင်းကမ်းချက် ကာကမ်းရိုးတန်း ကမ်းလွန်ရေပြင်တွင် တစ်ကိုယ်လုံးဖြူဖွေးနေသော ဝေလငါးကြီးတစ်ကောင် ကျက်စားလျက်ရှိကြောင်း တွေ့ရှိရသည်ဟု ရုရှားအရာရှိများက ဧပြီ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ထူးခြားစွာပေါက်ဖွား

ရေခဲတောင်ကြီးဟု အမည်ပေးထားသော ၎င်းဝေလငါးဖြူကြီး **(ဝဲပုံ)**သည် ပုံမှန် ဝေလငါးမျိုးစိတ်များမှ ထူးခြားစွာပေါက်ဖွားလာသော ဝေလငါးမျိုးဖြစ်သည်။ ယခင် က တွေ့ရှိရသောဝေလငါးဖြူမျိုးများမှာ ငါးကိုယ်ထည်၏အောက်ပိုင်း၌သာ အဖြူရောင် ရှိပြီး ကိုယ်ထည်အပေါ်ပိုင်းမှာ မီးခိုးရောင်ဖျော့ဖျော့အရောင်အဆင်းရှိကြသည်။ သို့သော် ၁၉၇၂ ခုနှစ်က ကနေဒါနိုင်ငံကမ်းလွန်၌ တွေ့ရှိရသော ဝေလငါးဖြူကြီး တစ်ကောင်မှာ ယခုတွေ့ရှိရသောခန္ဓာကိုယ်တစ်ခုလုံး ဖြူဖွေးနေသည့် ဝေလငါးကြီး ကဲ့သို့ပင်ဖြစ်ကြောင်း၊ သို့ရာတွင် ယင်းဝေလငါးဖြူကြီးမှာ သေဆုံးခဲ့ပြီဖြစ်ကြောင်း ရုရှား အရာရှိများက ပြောကြားသည်။

ယခုအခါ အဆိုပါဝေလငါးဖြူကြီး၏ နေထိုင်ကျက်စားမှုကို ရုရှားသိပ္ပံ ပညာရှင်များနှင့် သုတေသနပညာရှင်များက ရေယာဉ်တစ်စင်းဖြင့် လိုက်လံမှတ်တမ်း တင်ကာ သုတေသနပြုလျက်ရှိကြောင်း သတင်း၌ ဖော်ပြသည်။ **(အင်တာနက်)**



ကမ္ဘောဒီးယား၌ မိုးကြိုးပစ်၍ လူ ၁၆ ဦး သေဆုံး

ဖနောင်ပင် ဧပြီ ၂၄

ကမ္ဘောဒီးယားနိုင်ငံ၌ ယခုနှစ် နှစ်စမှစပြီး ဧပြီ ၂၂ ရက်အထိ မိုးကြိုးပစ်၍ သေဆုံးသူ ၁၆ ဦးရှိပြီး အခြားဒဏ်ရာရသူ ၁၄ ဦးရှိကြောင်း ဧပြီ ၂၃ ရက်တွင် ထုတ်ပြန်သော သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

အဆိုပါ ကာလအတွင်း မိုးကြိုးပစ်၍ ကျွဲ၊ နွား ၁၄ ကောင်လည်း သေဆုံးခဲ့ရကြောင်း၊ နေအိမ်သုံးလုံး လည်း ပျက်စီးသွားကြောင်း ကမ္ဘောဒီးယားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု အမျိုးသားကော်မတီ၏ ထုတ်ပြန် ကြေညာချက်၌ ဖော်ပြထားသည်။ ယင်းကာလအတွင်း မုန်တိုင်းတိုက်ခတ်၍ သေဆုံးသူ ငါးဦးရှိပြီး ဒဏ်ရာရ သူ ၃၇ ဦး ရှိသည်။

မုန်တိုင်းကြောင့် သစ်သားအိမ် ၂၄၂ လုံး၊ အခြားအိမ် ၁၄၀၇ လုံးလည်း ပျက်စီးခဲ့ရသည်ဟု အစီရင် ခံစာ၌ ဖော်ပြထားသည်။ ကမ္ဘောဒီးယားနိုင်ငံ၌ ပြီးခဲ့သည့် ၂၀၁၁ ခုနှစ် တစ်နှစ်လုံး မိုးကြိုးပစ်၍ သေဆုံးသူ ၁၆၅ ဦးရှိပြီး ၁၃၉ဦး ဒဏ်ရာရရှိခဲ့သည်။ **အမ်အင်န်အေ၊ဆင်ဟွာ**

အပြစ်မဲ့ရှီးယိုက်အများအပြားသတ်မှု အကြမ်းဖက်သမားသုံးဦးအား ပါကစ္စတန်ရဲဖမ်းဆီး

အစ္စလမ္မာဘတ် ဧပြီ ၂၄

ပါကစ္စတန်နိုင်ငံအနောက်တောင်ပိုင်း ဘလူချီစတန် ပြည်နယ်အတွင်း ရှီးယိုက်အများအပြားကို သတ်ဖြတ်မှုတွင် ပါဝင်ပတ်သက်မှုဖြင့် ပါကစ္စတန်လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်သမားသုံးဦးအား ဖမ်းဆီးလိုက်သည်။

ဖမ်းဆီး

ကွက်တာမြို့ဆင်ခြေဖုံးရှိ လူနေအိမ်တစ်လုံးအတွင်းမှ အကြမ်းဖက်သမား သုံးဦးအား ပါကစ္စတန်ရဲတပ်ဖွဲ့ဝင်များက ဖမ်းဆီးလိုက်ကြောင်း ပါကစ္စတန်ရှေ့တန်း တပ်ဖွဲ့(အက်ဖ်စီ)မှ အရာရှိများက ပြောကြားသည်။

ချုပ်နှောင်ထား

အဖမ်းခံရသူများမှာ ဒို့စ်မိုဟာစက်မဆွတ်၊ ယိုဟာ အလမ်မဆွတ်နှင့် မားအင်ဒက်ကတ်တို့ဖြစ်ပြီး နှစ်ဦးမှာ ပါကစ္စတန်တီရစ်အိုင်တာလီကန်(တီတီပီ)မှဖြစ်ပြီး ကျန်တစ်ဦးမှာ မြေအောက်လက်ရှကာအိုင်ဂျန်မီအဖွဲ့ဝင်တစ်ဦးဖြစ်သည်။ ၎င်းတို့ သုံးဦးကို ထပ်မံစုံစမ်းစစ်ဆေးရန် အာဏာပိုင်များက ချုပ်နှောင် ထားလိုက်ကြောင်းသိရသည်။ **(အင်တာနက်)**

ဂျပန်တွင် လိုင်စင်မဲ့ဆယ်ကျော်သက်ကားမောင်းသူ မဆင်ခြင်မှုကြောင့် ယာဉ်တိုက်မှုဖြစ်

တိုကျို ဧပြီ ၂၄

ဂျပန်နိုင်ငံအနောက်ပိုင်း တိုကျိုမြို့ အနီး ကာမိအိုကာမြို့တွင် လိုင်စင်မရှိ သေးသော ဆယ်ကျော်သက်တစ်ဦး ကားမောင်းနှင်ခဲ့ရာတွင် ယာဉ်တိုက်မှု ဖြစ်ပြီး ကိုယ်ဝန်သည်တစ်ဦးနှင့် ခုနစ်နှစ် အရွယ် မိန်းကလေးတစ်ဦးတို့ သေဆုံးခဲ့ သည်။ မူလတန်း ကျောင်းသား ကျောင်း သူအများစုပါဝင်သည့် လူအုပ်အတွင်း အဆိုပါကားမှ ဝင်တိုက်မိခြင်းဖြစ်ကြောင်း မီဒီယာသတင်းများက ဧပြီ ၂၃ ရက်တွင် ဖော်ပြသည်။ **(ယာပုံ)**

တိုက်မှုဖြစ်

ကာမိအိုကာမြို့အတွင်း၌ အထက်ပါ ယာဉ်တိုက်မှု ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ ခုနစ်နှစ်အရွယ် မိန်းကလေးတစ်ဦးနှင့် ကိုယ်ဝန်သည်တစ်ဦးတို့မှာ ယာဉ်တိုက်မှု ဖြစ်ပြီး နာရီအနည်းငယ်အတွင်းသေဆုံး ခဲ့ကြောင်း၊ ကိုယ်ဝန်သည်၏ ဗိုက်ထဲမှ ကလေးငယ်လည်း ပျက်ကျသေဆုံးခဲ့ ကြောင်း ဒေသရဲဝန်ထမ်းများက ပြောကြား သည်။ ထိုယာဉ်တိုက်မှုအတွင်း၌ ထိခိုက် ဒဏ်ရာရသူမှာ ရှစ်ဦးအထိ ရှိခဲ့သည်။

မောင်းနှင်ခဲ့

အသက် ၁၈ နှစ်အရွယ် လိုင်စင်မဲ့ ကားမောင်းသူသည် တစ်ညလုံးမအိပ် ခဲ့ဘဲ သူငယ်ချင်းများနှင့် အချိန်ဖြုန်းခဲ့ ကြောင်း၊ ယင်းအပြင် ပေါ့ဆစွာမောင်း နှင်ခဲ့ခြင်းကြောင့် ကျောင်းသွားသည့် ကလေးအုပ်စုကို လမ်းချော်ကာ နောက်မှ ဝင်တိုက်မိခြင်းဖြစ်ကြောင်း သတင်းတွင် ဆက်လက်ပါရှိသည်။ **(အင်တာနက်)**



နိုင်ငံတကာသတင်းအတိုအထွာ ၂၄-၄-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

တရုတ်၌ လေပြင်းများတိုက်ခတ်၊ ရထားခရီးစဉ်များပျက်သိမ်း ဘူတာရုံများ၌ ခရီးသည် ၇၀၀၀ ခန့် သောင်တင်နေ

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်း စင်ကျန်းအူဂါကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ တွင် ဧပြီ ၂၃ ရက် နံနက်က လေပြင်းမုန်တိုင်းများ တိုက်ခတ်မှုကြောင့် ရထား ခုနစ်စင်းပြေးဆွဲမှုဖျက်သိမ်းရကာ ခရီးသည် ၇၀၀၀ ခန့်သောင်တင်နေခဲ့ကြောင်း ဧပြီ ၂၄ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။ အဆိုပါ လေပြင်းမုန်တိုင်း များသည် ယင်းနေ့ဒေသစံတော်ချိန် နံနက် ၅ နာရီ ၁၇ မိနစ်က ရှီကျန်းဒေသသို့ ဖြတ်သန်းတိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး ယင်းလေမုန်တိုင်းသည် တာပိုင်ဒေသမှ ယူယာကို ဒေသသို့ တစ်နာရီလျှင် ၁၁၇ မိုင်နှုန်းတိုက်ခတ်ခဲ့ကြောင်း အူရမ်ကျီမီးရထားလမ်း ဌာနမှ တာဝန်ရှိသူများက ပြောကြားသည်။ ရထားများနှင့် ခရီးသည်များမှာ ယူအာဂေါ့၊ ဟေကျန်နှင့် ဝမ်ဘူမြို့များအပါအဝင် ကာရှီ-တာပိုင် မီးရထားလမ်းတစ်လျှောက်ရှိ ဘူတာရုံများတွင် သောင်တင်နေခဲ့ခြင်းဖြစ်သည်။ မီးရထားတာဝန်ရှိသူများက ခရီးသည်များ သောင်တင်မှုကို အရေးပေါ်ကယ်ဆယ်မှုများ ပြုလုပ်ပေးလျက်ရှိပြီး ခရီးသည်များအား နွေးနွေးထွေးထွေးရှိစေရန်နှင့် သောက်သုံးရေများ လုံလုံလောက် လောက်ရရှိရန် မီးရထားဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိသည်။

တောင်အာဖရိကရှိ ရွှေတွင်း၌ မိုင်းအလုပ်သမားသုံးဦးသေဆုံး

တောင်အာဖရိကနိုင်ငံအလယ်ပိုင်း ဖရီးပြည်နယ်ရှိ ရွှေတွင်းတစ်တွင်းတွင် တရားမဝင်မိုင်းတွင်းအလုပ်သမားသုံးဦး၏ ရုပ်အလောင်းများနှင့် အခြားဒဏ်ရာရ သူသုံးဦးအား တွေ့ရှိခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ဧပြီ ၂၃ ရက်တွင် ပြော ကြားသည်။ အဆိုပါ သေဆုံးသူ ရုပ်အလောင်းများအား ဖရီးပြည်နယ်မြောက်ပိုင်းရှိ နာမည်ကြီး ကုမ္ပဏီပိုင်ရွှေတွင်းတစ်တွင်း၌ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းရွှေ တွင်း၌ပင် သေနတ်ဒဏ်ရာရသူနှစ်ဦးနှင့် ချွန်ထက်သည့် အရာဝတ္ထုနှင့် တိုက်ခိုက် ခံရသူတစ်ဦးတို့အား ဆက်လက်တွေ့ရှိခဲ့ကြောင်း ရဲတပ်ဖွဲ့ဝင်များ၏ပြောကြား ချက်ကို တောင်အာဖရိကအသံလွှင့်ဌာနက ထုတ်လွှင့်ခဲ့သည်။ မိုင်းတွင်းနယ် မြေအား ထိန်းချုပ်လိုမှုရည်ရွယ်ချက်ဖြင့် တရားမဝင်မိုင်းတွင်းအလုပ်သမား အုပ်စုနှစ်စုအကြား တိုက်ခိုက်မှုဖြစ်ပွားရာမှ ထိုသို့ သေကျေပျက်စီးမှုဖြစ်ပေါ်ခဲ့ ခြင်းဖြစ်သည်ဟု ရဲတပ်ဖွဲ့က ဆက်လက်ပြောကြားသည်။ တိုက်ခိုက်မှုဖြစ်ပွား ပြီးနောက် ဒဏ်ရာရရှိသည့် မိုင်းတွင်းအလုပ်သမားများအား ဆေးရုံသို့ ပို့ဆောင် ပေးထားပြီး အရေးပေါ်လူနာအဖြစ် ဆေးကုသမှုခံယူလျက်ရှိသည်။

ဆီးရီးယားမြောက်ပိုင်း၌ ကုန်တင်ရထား လက်နက်ကိုင်များဖောက်ခွဲ

ဆီးရီးယားနိုင်ငံမြောက်ပိုင်း အီလစ်ပြည်နယ်တွင် ဧပြီ ၂၃ ရက် စီးနင်း တိုက်ခိုက်မှု၌ လက်နက်ကိုင်အကြမ်းဖက်အုပ်စုက ကုန်တင်ရထားတစ်စင်းအား ပစ်မှတ်ထားဖောက်ခွဲတိုက်ခိုက်မှုကြောင့် ရထားတွဲများ ကြီးမားစွာပျက်စီးပြီး ရထားပေါ်လိုက်ပါသည့် ဝန်ထမ်းခြောက်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အဆိုပါ ပြည်နယ်ရှိ အက်စ်အေအင်န်အေသတင်းဌာနက ထုတ်ပြန်သည်။ အဆိုပါကုန်တင် ရထားသည် အကြမ်းဖက်သမားများထောင်ထားသည့် လမ်းဘေးဗုံးဖြင့် ဖောက်ခွဲ တိုက်ခိုက်ခံရခြင်းဖြစ်ပြီး ယင်းဖောက်ခွဲမှုကြောင့် ရထားလမ်းမှာ ၇၅ မီတာအထိ ပျက်စီးပြီး ရထားတွဲတစ်တွဲတိမ်းမှောက်ကာ အခြားအတွဲ တစ်တွဲလည်း လမ်းချော်မှု ဖြစ်ပွားခဲ့ကြောင်း၊ ရထားဝန်ထမ်းတစ်ဦးမှာ ဒဏ်ရာကြောင့် စိုးရိမ်ရသည့် အခြေအနေရှိကြောင်း မီးရထားလမ်းတည်ဆောက်ရေး အကြီးအကဲတစ်ဦးဖြစ်သည့် မှုကွာဘာရီက ပြောကြားခဲ့သည်။ (အင်တာနက်)

နိုင်ငံတကာသတင်းသုတ

နိုင်ငံတကာသတင်းသုတ နိုင်ငံတကာသတင်းသုတ နိုင်ငံတကာသတင်းသုတ

မပြေမလည်ပြီးဆုံးသွားသည့် အနောက်ကမ္ဘာခြမ်း၏ထိပ်သီးအစည်းအဝေး

သတင်းမှတ်စု - တိုး

လက်တင်အမေရိကနိုင်ငံများ၊ ကာရစ်ဘီယံနိုင်ငံများနှင့်ပတ်သက်သည့် အမေရိကန်နိုင်ငံ၏မူဝါဒသဘောထားမှာ နှစ်ပေါင်းများစွာကြာသည့်တိုင် မပြောင်းလဲသေးဘဲ ၎င်းနိုင်ငံများကိုသွေးခွဲပြီး လမ်းမှားရောက်အောင်တွန်းပို့နေသည်ဟု ကျူးဘားနိုင်ငံပိုင်သတင်းစာ ဂရမ်မာတွင် လောလောဆယ်ဖော်ပြလိုက်ပြီး မိမိတို့နိုင်ငံများအနေဖြင့် အချင်းချင်းလက်တွဲပြီး ရပ်တည်ကြရန်လည်း တိုက်တွန်းနှိုးဆော်လိုက်သည်။

ထို့အပြင် မကြာမီက ကျင်းပပြီးစီးသည့် အမေရိကနိုင်ငံများထိပ်သီးအစည်းအဝေး၌ အမေရိကန်သမ္မတ အိုဘားမား ပြောကြားချက်ကိုလည်း ဝေဖန်လိုက်သည်။

တက်ရောက်

ဆဋ္ဌမအကြိမ်မြောက် အမေရိကနိုင်ငံများ ထိပ်သီးအစည်းအဝေးကို ကိုလံဘီယာနိုင်ငံ ကာရစ်ဘီယံဒေသ အပန်းဖြေမြို့ ကာတာဂျီးနား၌ ဧပြီ ၁၅ ရက်နှင့် ၁၆ ရက်က နှစ်ရက်ကြာကျင်းပခဲ့သည်။ ထိပ်သီးအစည်းအဝေးသို့ အမေရိကန်သမ္မတ ဘားရက်အိုဘားမားအပါအဝင် ကမ္ဘာ့အနောက်ခြမ်းရှိ နိုင်ငံပေါင်း ၃၀ ကျော်မှ ခေါင်းဆောင်များ တက်ရောက်ခဲ့သည်။

ကုန်သွယ်ရေးအဆင်မပြေမှု၊ မူးယစ်ဆေးဝါးမှောင်ခိုမှုကဲ့သို့သော ဒေသဆိုင်ရာပြဿနာများမှာ ထိပ်သီးအစည်းအဝေး၏ ဆွေးနွေးသည့်အကြောင်းအရာများအဖြစ်ပါဝင်သည်။

ဝေဖန်

ထို့အပြင် ကျူးဘားအစိုးရအနေဖြင့် ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန်လိုအပ်ကြောင်း၊ အမေရိကန်သမ္မတအိုဘားမား၏ပြောကြားချက်နှင့်ပတ်သက်၍ ကျူးဘားနိုင်ငံပိုင် ဂရမ်မာသတင်းစာက ဝေဖန်ထောက်ပြသည်။

အမေရိကနိုင်ငံများ၏ ကာတာဂျီးနားထိပ်သီးအစည်းအဝေးသည် ကျူးဘားနိုင်ငံ ဒီမိုကရေစီပြောင်းလဲရေးအတွက် ပြောဆိုရန်အခါအခွင့်သင့်သည့်နေရာမဟုတ်ကြောင်း၊ ကျူးဘားနိုင်ငံနှင့်ဆက်စပ်သည်များကို မိမိတို့ကျူးဘားပြည်သူများကသာ ကိုင်တွယ်ဖြေရှင်းရမည်ဖြစ်ကြောင်း ဂရမ်မာသတင်းစာက ရေးထားသည်။

ဖယ်ရှားလို

ထိပ်သီးအစည်းအဝေးတက်သည့် လက်တင်အမေရိကခေါင်းဆောင်အများစုက ကျူးဘားနိုင်ငံအား ထိပ်သီးအစည်းအဝေးမတက်ရောက်ရန် တားဆီးထားသည့် အမေရိကန်၏သဘောထားကို ဖယ်ရှားလိုကြသည်။

အမေရိကန်နိုင်ငံများအသင်း (အိုအေအက်စ်) ၏

ကိုလံဘီယာနိုင်ငံ ကာတာဂျီးနားမြို့၌ ဧပြီ ၁၅ရက်ကကျင်းပခဲ့သော ဆဋ္ဌမအကြိမ်မြောက် အမေရိကနိုင်ငံများ ထိပ်သီးအစည်းအဝေးကို ဤသို့ ကျင်းပခဲ့သည်။

ဖွဲ့စည်းပုံစည်းမျဉ်းလိုအပ်ချက်အတိုင်း ကျူးဘားခေါင်းဆောင်များ ဖြည့်ဆည်းမပေးနိုင်ဟု အမေရိကန်နိုင်ငံက ၁၉၅၉ ခုနှစ်တွင် အတိအလင်းကြေညာထားသည်။

၁၉၅၉ခုနှစ်တွင် ကျူးဘား၌ ဖီဒယ်ကတ်စထရိုက အာဏာရ ကာတစ္စတာအစိုးရကို ဖြုတ်ချအာဏာရယူပြီးနောက် ၁၉၆၀ ပြည့်နှစ်တွင် ရုရှားနှင့် ကုန်သွယ်ရေး သဘောတူစာချုပ်သည်။ ထိုနှစ်တွင် အမေရိကန်က ကျူးဘားနှင့် ကုန်သွယ်ရေး ရပ်လိုက်သည်။ ထိုအခါ ကျူးဘားက အမေရိကန်ပိုင်ကုမ္ပဏီများကိုတုံ့ပြန်၍ ပြည်သူပိုင်သိမ်းလိုက်သည်။ နှစ်နိုင်ငံဆက်ဆံရေးတင်းမာလာသည်။

ပိုဆိုးသည်မှာ စစ်အေးတိုက်ပွဲခေတ်တွင် မဟာအင်အားကြီး နှစ်နိုင်ငံဖြစ်သည့် အမေရိကန်နှင့် ကျူးဘားဘက်မှ ရပ်တည်ခဲ့သော ရုရှားတို့ ရင်ဆိုင်တွေ့ကာ တတိယကမ္ဘာစစ်ကြီးပင်ဖြစ်တော့မည်လောဟု တစ်ကမ္ဘာလုံး စိုးရိမ်ရသည့် ၁၉၆၂ ခုနှစ် ကျူးဘားဒုံးပျံအကျပ်အတည်းပင်ဖြစ်သည်။ ထို့ကြောင့် ကျူးဘားနှင့် အမေရိကန် ဆက်ဆံရေးမှာ ဆိုးရွားခဲ့သည်။ အတိတ်က အရိပ်မည်းကြီးသည် နှစ်နိုင်ငံဆက်ဆံရေးတွင် အမှန်ပင်ရှိခဲ့သည်။

ကြေညာ

သို့သော် ကမ္ဘာ့နိုင်ငံရေး ရာသီဥတုအခြေအနေမှာ ပြောင်းလဲလာခဲ့ပြီ။ အကြီးအကျယ်ပြောင်းလဲခဲ့ပေပြီ။ ၁၉၉၁ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုကြီးပြိုကွဲပြီးနောက် အရာရာသည် ပြောင်းလဲခဲ့ပြီဖြစ်သည်။ သို့သော် ကျူးဘားနိုင်ငံမှာ အမေရိကနိုင်ငံများ ထိပ်သီးအစည်းအဝေးသို့ မတက်ရောက်ရသေး။ ကျူးဘားကိုဝိုင်းပယ်ထားလျှင် ထိပ်သီးအစည်းအဝေးကြေညာချက်ကို လက်မှတ်မထိုးဟု ဗင်နီဇွဲလား၊ အာဂျင်တီးနားနှင့် ဥရုဂွေးနိုင်ငံတို့က ကြေညာသည်။

လက်တင်အမေရိကနှင့် ကာရစ်ဘီယံရှစ်နိုင်ငံ ပါဝင်သည့် “မိမိတို့ အမေရိကပြည်သူတို့အတွက် ဘိုလစ်ဗီးယားမဟာမိတ်အဖွဲ့”ကမူ ကျူးဘားနိုင်ငံအားခြွင်းချက်မရှိ ဝင်ခွင့်မပြုသမျှ အနာဂတ်ထိပ်သီးအစည်းအဝေးများကို သပိတ်မှောက်မည်ဟု ကြေညာထားသည်။

ထို့အပြင် ဗြိတိန်နိုင်ငံလက်အောက်ရှိ မာဗီးနတ်ခ် (ဖောက်ကလင်)ကျွန်းစုကို အာဂျင်တီးနားနိုင်ငံက ပိုင်ဆိုင်ကြောင်း ပြောကြားသည်ကိုလည်း အမေရိကန်နှင့် ကနေဒါက ထောက်ခံရန် ငြင်းဆိုနေသည်။ ထို့ကြောင့်ပင် ထိပ်သီးအစည်းအဝေး တရားဝင်အခမ်းအနား မပြီးဆုံးမီ အာဂျင်တီးနားသမ္မတ ခရစ္စတီနာဖာနန်ဒက်ဇ်က ထိပ်သီးအစည်းအဝေးကို ကျောခိုင်းထွက်ခွာသွားသည်။

မထုတ်ပြန်နိုင်

ထိုသို့သော သဘောထားကွဲလွဲမှုများကြောင့် အမေရိကနိုင်ငံများ၏ ဆဋ္ဌမအကြိမ်မြောက် ထိပ်သီးအစည်းအဝေးအပြီးတွင် ပူးတွဲကြေညာချက်ကိုပင် မထုတ်ပြန်နိုင်ခဲ့သော မည်သည့်ထိပ်သီးအစည်းအဝေးတွင် အချင်းချင်းတစ်စိတ်တစ်ဝမ်းတည်းဖြစ်ပါတော့မည်နည်း။

ထို့ကြောင့် အနောက်ကမ္ဘာခြမ်းနိုင်ငံများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသည့်ပြဿနာများကား တစ်စိတ်တစ်ဝမ်းတည်း ပူးပေါင်းညှိနှိုင်းဖြေရှင်း၍ မရနိုင်သေးသည်က အမှန်ပင်။ ထိပ်သီးဆွေးနွေးပွဲများ၊ ဒေသတွင်း အစည်းအဝေးများနှင့် သီးသန့်ဆွေးနွေးပွဲများ အကြိမ်ကြိမ်ကျင်းပခဲ့သော်လည်း ခိုင်မာညီညွတ်သောဆုံးဖြတ်ချက်များ မချနိုင်ခဲ့ချေ။

မည်သို့ပင်ဖြစ်စေ ယခုကဲ့သို့ ထိပ်သီးအစည်းအဝေးများ ကျင်းပနိုင်ခြင်းသည် လက်တွေ့ဖြစ်ပေါ်ကြုံတွေ့နေရသောပြဿနာများကို မျက်နှာချင်းဆိုင် ထုတ်ဖော်ဆွေးနွေးခွင့်ရရှိခဲ့သည့် အခွင့်အရေးများဖြစ်ထွန်းခဲ့သည်။ မှန်ကန်မျှတသော ဆုံးဖြတ်ချက်နှင့်နည်းလမ်းများ မဖော်ထုတ်နိုင်ခဲ့သော်လည်း အမြင်ချင်းမတူညီမှုများကို ပွင့်လင်းစွာ ပြောကြားနိုင်ခဲ့ကြသည်။

မှန်းဆမရနိုင်

ထိုသို့သောအကျိုးဆက်များကြောင့် ယခုထိပ်သီးအစည်းအဝေးမှ မပြေလည်မှုများကို ပြန်လည်သုံးသပ်ပြီး မကြာမီအချိန်ကာလ၌ အကျေအလည်ဆွေးနွေးနိုင်ကြပါလျှင် အနောက်ကမ္ဘာခြမ်းရှိနိုင်ငံများ၏ ပြဿနာနှင့် အခက်အခဲများ အတိုင်းအတာတစ်ခုအထိ ဖြေရှင်းနိုင်မည်ဟု မျှော်လင့်ရမည်ဖြစ်သော်လည်း အချိန်ကာလ မည်မျှအထိ စောင့်ဆိုင်းရမည်ကို မှန်းဆ၍မရနိုင်သေးပါကြောင်း။ ။

(အင်တာနက်)

နိုင်ငံတကာသတင်းမြင်ကွင်း

နိုင်ငံတကာသတင်းမြင်ကွင်း

ဇော်ဦးခိုင် - ရေးသားသည်

အမေရိကန်တွင် နှစ်သုံးဆယ်ကျော်ကြာပျောက်နေသော ခြောက်နှစ်အရွယ်ကလေးငယ်အား နို့ဘူးခွံများပေါ် ဓာတ်ပုံများကပ်ကာ ပြန်လည်ရှာဖွေရေးဆောင်ရွက်

နယူးယောက် ဧပြီ ၂၄

အမေရိကန်နိုင်ငံတွင် လွန်ခဲ့သောနှစ်သုံးဆယ်ကျော် ၁၉၇၉ ခုနှစ်အတွင်းက ပျောက်သွားခဲ့သော ခြောက်နှစ်အရွယ်ကောင်လေးအား ပြန်လည်ရှာတွေ့ရေးအတွက် နို့ဘူးခွံများပေါ်တွင် ထိုကောင်လေး၏ဓာတ်ပုံများကပ်ကာ နယူးယောက်ရဲဝန်ထမ်းက ရှာဖွေရေးလုပ်ငန်း အသစ်တစ်ဖန် စတင်ဆောင်ရွက်လျက်ရှိကြောင်း အင်တာနက်သတင်းတစ်ရပ်တွင် ဧပြီ ၂၂ ရက်က ဖော်ပြသည်။ **(အပေါ်ပုံ)**

ယခု လူပျောက်ရှာပုံတော်သည် နိုင်ငံအနှံ့ ကျယ်ပြန့်စွာ ဆောင်ရွက်သည့် နယူးယောက်ရဲဝန်ထမ်းများ၏ ကြိုးပမ်းမှုတစ်ရပ်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

အီသန်ပတ်ဇ်ဆိုသည့် ခြောက်နှစ်အရွယ်ကလေးငယ်လေးသည် ၁၉၇၉ ခုနှစ် မေလ ၂၅ ရက်တွင် ပျောက်ဆုံးခဲ့ခြင်းဖြစ်သည်။ ကျောင်းသွားချိန် မိဘတို့၏ လစ်ဟင်းမှုကြောင့် ပျောက်ဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ကျောင်းကားပေါ်သို့ အီသန်တစ်ဦး မရောက်ရှိခဲ့ဘဲ ထိုအချိန်ကတည်းက ပျောက်ဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။

(အင်တာနက်)

မက္ကဆီကိုနိုင်ငံတွင် စားသောက်ဆိုင်တစ်ဆိုင်အတွင်း ပစ်ခတ်မှုဖြစ်ပွား၊ ၁၅ ဦးသေဆုံး တစ်ဦးဒဏ်ရာပြင်းထန်

ပစ်ခတ်မှုဖြစ်ပွားခဲ့ရာ စားသောက်ဆိုင်ရှေ့ အခင်းဖြစ်ပြီးစအချိန်ကမြင်ကွင်း။

မက္ကဆီကိုစီးတီး ဧပြီ ၂၄

ရာဇဝတ်ဂိုဏ်းများကြား တိုက်ပွဲများဖြစ်ပွားကာ ငြိမ်ဝပ်ပိပြားရေးကင်းမဲ့လျက်ရှိသော မက္ကဆီကိုနိုင်ငံမြောက်ပိုင်းဒေသရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် မူးယစ်ဆေးဝါးနှင့်ဆက်နွှယ်သည်ဟု ယူဆဖွယ်ရှိသောပစ်ခတ်မှုတစ်ရပ်ဖြစ်ပွားရာတွင် လူ ၁၅ဦး သေဆုံးခဲ့သည်။ ဒဏ်ရာရခဲ့သူတစ်ဦးရှိပြီး စိုးရိမ်ဖွယ်ပြင်းထန်သည့်အနေအထားရှိကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ကြေညာ

ချီဟူရာဟူရာပြည်နယ်၏ မြို့တော် ချီဟူရာဟူရာမြို့ရှိ စားသောက်ဆိုင်တစ်ဆိုင်အတွင်းသို့ ဧပြီ ၂၂ ရက်ညက လက်နက်ကိုင်တစ်စု ဝင်ရောက်လာပြီး မူးယစ်အရောင်းအဝယ်ပြုလုပ်နေကြသည်ဟု ယူဆဖွယ်ရှိသူတစ်စုကို ပစ်ခတ်သွားခဲ့ခြင်းဖြစ်ကြောင်း အစိုးရဌာနက ဧပြီ ၂၃ ရက်တွင် ကြေညာသည်။

ယခုပစ်ခတ်မှုတွင် ဂျာနယ်လစ်နှစ်ဦးလည်း သေဆုံးခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြသည်။ ချီဟူရာဟူရာမြို့အတွင်း၌ပင် ထိုနေ့ညပိုင်း၌ အခြားစားသောက်ဆိုင်တစ်ဆိုင်တွင် ပစ်ခတ်မှုတစ်ရပ်ဖြစ်ပွားခဲ့သဖြင့် နှစ်ဦးသေဆုံးကာ ယင်းနေ့၌ စားသောက်ဆိုင်ပစ်ခတ်မှုများအတွင်း သေဆုံးသူ ၁၇ ဦးအထိရှိခဲ့ကြောင်း အစိုးရရှေ့နေချုပ်ရုံးက ထုတ်ပြန်ခဲ့သည်။ မက္ကဆီကိုနိုင်ငံတွင် ကုန်လွန်ခဲ့သည့် ငါးနှစ်တာကာလအတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ရာဇဝတ်ဂိုဏ်းများအကြား ဖြစ်ပွားခဲ့သည့် တိုက်ခိုက်မှုများကြောင့် လူငါးသောင်းကျော် သေဆုံးခဲ့ကြောင်း သတင်းတွင်ဆက်လက်ဖော်ပြသည်။

(အင်တာနက်)

အာဖဂန်နစ္စတန် အရှေ့ပိုင်း ဗုံးခွဲမှု နိုင်ငံခြားတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

ကဘူးလ် ဧပြီ ၂၄

အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်း ဗုံးခွဲတိုက်ခိုက်မှုတွင် နိုင်ငံတကာလုံခြုံမှုကူညီရေးတပ်ဖွဲ့ (အိုင်အက်စ်အေအက်ဖ်) တွင် တာဝန်ထမ်းဆောင်နေသည့် အမေရိကန်ဦးဆောင်သည့် နေတိုးတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးခဲ့ကြောင်း သတင်းတွင် ဖော်ပြပါရှိသည်။

ထုတ်ပြန်ကြေညာ

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း၌ ဗုံးခွဲတိုက်ခိုက်ခံရသဖြင့် နိုင်ငံခြားတပ်ဖွဲ့ဝင်နှစ်ဦး ဧပြီ ၂၃ ရက်က သေဆုံးခဲ့ကြောင်း အိုင်အက်စ်အေအက်ဖ်က ယင်းနေ့ကပင် ထုတ်ပြန်ကြေညာခဲ့သည်။

သေဆုံးသူ နိုင်ငံခြားသားနှစ်ဦး၏ နိုင်ငံသားဖြစ်မှုနှင့်အခင်းဖြစ်နေရာတို့ကို အိုင်အက်စ်အေအက်ဖ်က အတိအကျထုတ်ပြန်ကြေညာခြင်းမပြုသော်လည်း အာဖဂန်နစ္စတန်နိုင်ငံအရှေ့ပိုင်းရှိ နိုင်ငံခြားတပ်ဖွဲ့ဝင်အများစုမှာ အမေရိကန်တပ်ဖွဲ့ဝင်များဖြစ်သည်ဟု သိရသည်။

(အင်တာနက်)

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ်ဦးသာအေးသည် ဧပြီ ၂၂ ရက်တွင် စစ်ကိုင်းမြို့ သာသနာ့ဗိမာန်ဆောက်လုပ်နေမှု**(ယာပုံ)**၊ စစ်ကိုင်းမြို့ မြို့ရှောင်လမ်း ဖောက်လုပ်နေမှု၊ စစ်ကိုင်းမြို့နယ် ရေမျက်ကြီးအင်း ရေနုတ်မြောင်းတူးဖော်နေမှု၊ မြင်းမူမြို့နယ် ပျော့ရွာ ကွင်းအမှတ်(၃၆၅)ရှိ တောင်သူ ဦးနီတာ၏ ပုလဲသွယ်နွေစပါး ၁ ဒသမ ၅၈ ဧက စိုက်ပျိုးနေမှု၊ မြောင်မြို့နယ် ဆင်ဂေါင်းတောင် ဘုရားလမ်း ကတ္တရာခင်းနေမှု၊ ပရိမ္မ-မန်ကျီးဘုတ်လမ်း မြေသားတာပေါင်ဆောင်ရွက်နေမှုနှင့် ရွှေပန်းကျွန်းကျေးရွာ အေးနန္ဒာ သောက်ရေကန် တူးဖော်နေမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ချောင်းဦးမြို့နယ် တောကျောင်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ) ရွှေပြည်သာ နှစ်ထပ် ကျောင်းဆောင်သစ် ဆောက်လုပ်ပြီးစီးမှုနှင့် သုံးပန်လှကျေးရွာ တိုက်နယ်ဆေးရုံ ဆောက်လုပ်မည့်မြေနေရာတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း ရုပ်ရှင်အမြည်း

ယခုတစ်ပတ် မြန်မာဇာတ်ကား ရင်ကွဲနာ ရုံဝင် ဂျက်လီပါဝင်သည့် နိုင်ငံခြားဇာတ်ကားသစ် ရုံတင်

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်မြို့လယ်ရုံအချို့တွင် ယခုတစ်ပတ်သောကြာနေ့၌ မြန်မာဇာတ်ကားသစ် **ရင်ကွဲနာ**ဇာတ်ကားနှင့်အတူ ဂျက်လီပါဝင်သော နိုင်ငံခြားဇာတ်ကားသစ်တစ်ကား ရုံဝင်မည်ဖြစ်သည်။

ရန်ကုန်မြို့လယ် သမ္မတ၊ သွင်၊ သိမ်ကြီးဈေး မင်္ဂလာ(၁) ရုပ်ရှင်ရုံတွင် ဒါရိုက်တာမင်းအုပ်စိုး ရိုက်ကူးပြီး ရန်အောင်၊ နေထူးနိုင်၊ ထိုက်တန်၊

ရင်ကွဲနာဇာတ်ကားမှ နေထူးနိုင်နှင့် ချစ်စနိုးဦးတို့၏ သရုပ်ဆောင်ဟန်။

ကိုလင်း (ရုပ်ရှင်သတင်းထောက်)

မင်းအုပ်စိုး၊ မြတ်ကေသီအောင်၊ ဖူးဖူးမောင်၊ ချစ်စနိုးဦး၊ ချိုပြုံး၊ ကုသိုလ်တို့ ခေါင်းဆောင် ပါဝင်ထားကြသည့် **ရင်ကွဲနာ**ဇာတ်ကား ရုံဝင်မည်ဖြစ်သည်။ အဆိုပါဇာတ်ကားကို မည်သည့်အလုပ်မဆို သမ္မာအာဇီဝကျကျ လုပ်ကိုင်စားသောက်နိုင်ကြစေရန်၊ လောကဓမ္မတာ၏ လူ့ဘဝဇာတ်ခုံအဖုံဖုံတွင် တရားရစရာ အဖြစ်အပျက်များကို လူငယ်များ သိရှိစေရန်၊ အုပ်ထိန်းသူအမိအဖ အစ်ကို အစ်မများအပေါ်တွင် သိရှိလိမ္မာတတ်စေရန် ရည်ရွယ်ရိုက်ကူးထားကြောင်း သိရှိရသည်။

ရန်ကုန်မြို့ မြေနီကုန်း ဒဂုန်စင်တာ(၂)ရှိ မင်္ဂလာ(၂) ရုပ်ရှင်ရုံတွင်မူ ဒါရိုက်တာ Tsui Hark ရိုက်ကူးပြီး Jet Li နှင့် Zhou Xun တို့ ခေါင်းဆောင်ပါဝင် သရုပ်ဆောင်ထားသည့် **Flying Swords of Dragon Gate** အက်ရှင်ဇာတ်ကား ပြသမည်ဖြစ်ပါကြောင်းသည် တစ်ပတ်ရုပ်ရှင်အမြည်းအဖြစ် ရေးသားလိုက်ရပါသည်။ **(မြန်မာ့အလင်း)**

အင်းစိန်မြို့နယ်၌ သက်ကြီးပူဇော်ပွဲများကျင်းပ

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက်နှင့် ကြို့ကုန်းအရှေ့ရပ်ကွက်များတွင် ဧပြီ ၁၈ ရက်က လမ်းအလိုက် သက်ကြီးပူဇော်ပွဲများကို ကျင်းပကြသည်။

တောင်သူကုန်းရပ်ကွက် (တတိယအကြိမ်) သက်ကြီးပူဇော်ပွဲကို မဂ္ဂင်ကျောင်းလမ်းရှိ စေတနာရှင်များ ဆွမ်းလောင်းအသင်းမှူးရုံ၌ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်နိုင်စိုးက အမှာစကားပြောကြားပြီး စေတနာရှင် အလှူရှင်များနှင့် ရပ်ကွက်နေပြည်သူများက အဝတ်အစား၊ ဆေးဝါး၊ အာဟာရဖြစ်အချိုရည်၊ ငွေသားများအား သက်ကြီးဘိုးဘွား ၃၈ ဦးတို့အားလှူဒါန်း ကန်တော့ကြသည်။ **(အောက်ပုံ)**

ဆက်လက်၍ ကြို့ကုန်းအရှေ့ရပ်ကွက် (၁၀) မြောက်လမ်းနှင့် (၉-၁၀) တောင်လမ်းတို့တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးသန်းဆွေဦး ဦးဆောင်မှုဖြင့် သက်ကြီးဘိုးဘွားများအား ကန်တော့ပစ္စည်း၊ ကန်တော့ငွေများ လှူဒါန်းခဲ့ကြကြောင်းသိရှိရသည်။ **(မြန်မာ့အလင်း)**

(YPGG)ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဧပြီ ၂၄

ယုဇနပလာဇာ ဂေါက်သီးရိုက်အသင်း (YPGG) ရန်ကုန်၏ (၄၅)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို မေ ၅ ရက် (စနေနေ့) ကဆုန်လပြည့်နေ့ နံနက် ၆ နာရီတွင် ရန်ကုန်မြို့တော် ဂေါက်ကွင်း (ငွေသော်တာ)တွင် ကျင်းပမည်ဖြစ်ရာ အသင်းသားတိုင်း ပါဝင်နိုင်ရန်နှင့် အသေးစိတ်သိလိုပါက ဦးချစ် ဖုန်း-၀၉-၅၁၀၅၄၃၅၊ ဦးတင်ရွှေ ဖုန်း-၀၉-၅၁၆၈၁၇၈၊ ဦးကျော်ဝင်း ဖုန်း-၀၉-၅၁၅၄၄၀၈၊ ဦးထွန်းထွန်းဦး ဖုန်း-၀၉-၅၀၁၆၆၁၆ တို့ထံတွင် ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

နိုင်ငံတကာရုပ်ရှင်

ကိုသစ္စာ - စုစည်းသည်

တောင်ကိုရီးယားရုပ်ရှင်မင်းသမီး အင်ယိုးနာရဲ့ Love Rain ဒရာမာရုပ်မြင်သံကြားဇာတ်လမ်းတွဲပြသ

ဆိုးလ် ဧပြီ ၂၄

တောင်ကိုရီးယား ရုပ်ရှင်မင်းသမီး အင်ယိုးနာရဲ့ Love Rain အမည်ရှိတဲ့ ရုပ်မြင်သံကြားဇာတ်လမ်းတွဲကို တောင်ကိုရီးယားနိုင်ငံမှာ ထုတ်လွှင့်ပြသနေပြီဖြစ်ပါတယ်။

အဲဒီဇာတ်ကားမှာ အင်ယိုးနာဟာ သံယောဇဉ်ကြီးမားတဲ့ ကင်ယွန်ဟီး အမည်ရှိတဲ့ အမျိုးသမီးတစ်ဦးအဖြစ် သရုပ်ဆောင်ထားတာဖြစ်ပါတယ်။ Love Rain ရုပ်မြင်သံကြားဇာတ်လမ်းတွဲကို ကေဘီအက်စ် ရုပ်မြင်သံကြားလိုင်းက ထုတ်လွှင့်ပြသနေတာဖြစ်ပြီး ပရိသတ်တွေ နှစ်သက်အားပေးနေကြပါတယ်။

လုပ်ကိုင်

လာမယ့်မေ ၃၀ ရက်မှာ အသက် ၂၂ နှစ်ပြည့်တော့မယ့် အင်ယိုးနာ **(ဝဲပုံ)**ဟာ ရုပ်ရှင်သရုပ်ဆောင်အပြင် အဆိုတော်၊ မော်ဒယ်၊ ရုပ်မြင်သံကြားအစီအစဉ်တင်ဆက်သူအဖြစ်လည်း အောင်မြင်စွာ လုပ်ကိုင်နေသူဖြစ်ပါတယ်။ ရုပ်ရှင်မင်းသမီး အင်ယိုးနာဟာ Girls အမည်ရှိတဲ့ တေးဂီတအဖွဲ့မှာ အဖွဲ့ဝင်တစ်ဦးဖြစ်ပြီး မကြာမီကစင်ကာပူနိုင်ငံမှာ သူတို့တေးဂီတအဖွဲ့ သွားရောက်ဖျော်ဖြေခဲ့ကြတာ အောင်မြင်မှု ရရှိခဲ့ပါတယ်။

အဲဒီ Girls အဖွဲ့မှာအမျိုးသမီးတွေချည်း အဖွဲ့ဝင်ကိုးဦးနဲ့ဖွဲ့စည်းထားတာဖြစ်ပြီး တေးဂီတဖျော်ဖြေပွဲတွေအပြင် မဂ္ဂဇင်းမျက်နှာဖုံးရိုက်ကူးမှု၊ ကြော်ငြာရိုက်ကူးမှု၊ တေးအယ်လ်ဘမ်ထုတ်မှုစတဲ့အနုပညာအလုပ်တွေကို လက်ခံဆောင်ရွက်ပေးနေတဲ့ အဖွဲ့ဖြစ်ပါတယ်။

အခုပြသနေတဲ့ Love Rain ရုပ်မြင်သံကြားဇာတ်လမ်းတွဲဟာ ဇာတ်ညွှန်း အိုယူယွန်ရေးသားပြီး ဒါရိုက်တာယွန်ဆူဟိုရိုက်ကူးထားတာဖြစ်ပါတယ်။ ဒီဇာတ်ကားမှာ ရုပ်ရှင်မင်းသမီး အင်ယိုးနာဟာ ရုပ်ရှင်မင်းသားဂျန်ကမ်ဆုနဲ့အတူ သရုပ်ဆောင်ထားတဲ့ ဒရာမာဇာတ်ကား ဖြစ်ပါတယ်။ **(အင်တာနက်)**

(၄၅)ကြိမ်မြောက် ဟူစတန်နိုင်ငံတကာရုပ်ရှင်ပွဲတော် တရုတ်ဇာတ်ကား Three Kingdoms ဆုရရှိ

ဟူစတန် ဧပြီ ၂၄

အမေရိကန်နိုင်ငံ ဟူစတန်မြို့၌ကျင်းပသည့် (၄၅)ကြိမ်မြောက် ဟူစတန် နိုင်ငံတကာရုပ်ရှင်ပွဲတော်၌ တရုတ်နိုင်ငံမှ Three Kingdoms ဇာတ်ကားမှာ အကောင်းဆုံးရုပ်ရှင်ကားအဖြစ် ဆုရရှိခဲ့ကြောင်း ဧပြီ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

(၄၅)ကြိမ်မြောက် ဟူစတန်နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ဧပြီ ၁၃ ရက်မှ ၂၃ ရက်အထိ ကျင်းပခဲ့ရာ နိုင်ငံတကာမှ ရုပ်ရှင်ကားပေါင်း ၄၀၀၀ ခန့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ယင်းရုပ်ရှင်ဇာတ်ကားများမှ ဆုရွေးချယ် ချီးမြှင့်ရေးအဖွဲ့မှ အဆိုပါ တရုတ်ရုပ်ရှင်ကားကို နောက်ဆုံးရွေးချယ်ခဲ့ခြင်းဖြစ်သည်။

Three Kingdoms ဇာတ်ကား **(အပေါ်ပုံ)**မှာ တရုတ်နိုင်ငံအတွင်း ရုပ်မြင်သံကြား ဇာတ်လမ်းတွဲအဖြစ် ရိုက်ကူးပြသခဲ့သည့် ရုပ်ရှင်ကားဖြစ်သည်။ ရှေးခေတ် တရုတ်မင်းဆက်များအတွင်း ယှဉ်ပြိုင်မှုများကို ဇာတ်လမ်းဖွဲ့ကာ ရိုက်ကူးထားခြင်းဖြစ်သည်။

ထို့အပြင် နောက်ထပ်တရုတ်ရုပ်ရှင်ကားများဖြစ်သော China's Beating Heart နှင့် 25 words ဇာတ်ကားများမှာလည်း အထူးဆုများ ဆွတ်ခူးရရှိခဲ့ကြသည်။

ဟူစတန်နိုင်ငံတကာရုပ်ရှင်ပွဲတော်ကို ၁၉၆၁ ခုနှစ်မှ စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး နိုင်ငံတကာမှ ရုပ်ရှင်ကားများ အဆင့်အတန်းမြင့်မားလာစေရန် ကျင်းပလျက်ရှိသည့် ပွဲတော်လည်းဖြစ်သည်။ **(အင်တာနက်)**

ရုပ်ရှင်မင်းသားကင်ဆိုးယွန်အား ခရီးသွားလုပ်ငန်း သံတမန်ခန့်အပ်

ဆိုးလ် ဧပြီ ၂၄

တောင်ကိုရီးယားရုပ်ရှင်မင်းသား ကင်ဆိုးယွန်အား တောင်ကိုရီးယားခရီးသွားလုပ်ငန်းအဖွဲ့ (ကေတီအို)၏ ဂုဏ်ထူးဆောင်သံတမန်အဖြစ် ခန့်အပ်တာဝန်ပေးလိုက်ကြောင်း ကေတီအိုမှ ဧပြီ ၂၄ ရက်တွင်သတင်းထုတ်ပြန်သည်။

The Moon that Embraces the Sun အမည်ရှိ ဒရာမာရုပ်မြင်သံကြား ဇာတ်လမ်းတွဲဖြင့် နာမည်ကျော်ကြားခဲ့သော ရုပ်ရှင်မင်းသားကင်ဆိုးယွန် **(ယာပုံ)**သည် အာရှနိုင်ငံများက အားပေးသောအနုပညာရှင်တစ်ဦးဖြစ်ခြင်းကြောင့် ခရီးသွားလုပ်ငန်းဆိုင်ရာ သံတမန်အဖြစ် တာဝန်ပေးခြင်းဖြစ်ကြောင်း ကေတီအိုမှ တာဝန်ရှိသူများက ပြောကြားလိုက်သည်။

အထူးသဖြင့် ဂျပန်၊ တရုတ်၊ စင်ကာပူနိုင်ငံတို့တွင် ရုပ်ရှင်မင်းသားကင်ဆိုးယွန်၏ပရိသတ် သန်းနှင့်ချီကာရှိနေသည်။ အဆိုပါနိုင်ငံများမှ ခရီးသွားများ တောင်ကိုရီးယားနိုင်ငံသို့ လာရောက်လည်ပတ်ရေးအတွက် အထောက်အကူပေးနိုင်မည်ဖြစ်ကြောင်း ကေတီအိုမှ ထုတ်ပြန်သောသတင်း၌ဖော်ပြထားသည်။

ကေတီအို၏ဂုဏ်ထူးဆောင်သံတမန်ခန့်အပ်တာဝန်ပေးခြင်း အခမ်းအနားကို ဆိုးလ်မြို့ရှိ ကေတီအိုဌာနချုပ် အဆောက်အအုံ၌ ကျင်းပခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အောင်သီရိဖောင်ဒေးရှင်းမှ ဆောက်လုပ်လှူဒါန်းသော ရွာတော် မူလတန်းလွန်ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကျင်းပ

ပညာဆက်လက်သင်ယူရန် အခက်အခဲရှိသည့် ကျောင်းသားများအား ပညာရေးအထောက်အပံ့ ပေးအပ်

နေပြည်တော် ဧပြီ ၂၄

အောင်သီရိဖောင်ဒေးရှင်းမှ အသစ်ဆောက်လုပ်လှူဒါန်းသော ရွာတော် အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ် ရွာတော်ရွာ၌ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးနှင့် ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအေးကြူနှင့် ဦးဘရွှေ၊ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဦးသန်းဌေးနှင့် ဦးသန်းအောင်၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အောင်သီရိဖောင်ဒေးရှင်းဥက္ကဋ္ဌ ဝဏ္ဏကျော်ထင်စည်သူဦးသာဌေးနှင့် အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

အောင်သီရိဖောင်ဒေးရှင်းမှ အသစ်ဆောက်လုပ်လှူဒါန်းသော ရွာတော် အခြေခံပညာမူလတန်းလွန်ကျောင်းကို တွေ့ရစဉ်။ (သတင်းစဉ်)

ရှေးဦးစွာ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ နေပြည်တော်ကောင်စီဝင် ဦးသန်းဌေးနှင့် အောင်သီရိဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသာဌေးတို့က ရွာတော်အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက ကျောင်းသစ်ကမ္ပည်းမော်ကွန်းအား စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဒေသခံပြည်သူများသည် ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

ထို့နောက် ရွာတော်အခြေခံပညာ မူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ် လွှဲပြောင်းပေးအပ်ပွဲကို ကျောင်းခန်းမ၌ ဆက်လက်ကျင်းပရာ ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေးက အမှာစကားပြောကြားရာတွင် တစ်နိုင်ငံလုံးတွင် အခြေခံပညာကျောင်းပေါင်း ၄၁၀၀၀ ကျော် ဖွင့်လှစ်ထားပြီး ဆရာ ဆရာမ ၂ သိန်း ၈ သောင်းကျော်က ကျောင်းသားကျောင်းသူ ၈ ဒသမ ၂ သန်းကျော်ကို လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း၊ ၂၀၁၁-၂၀၁၂ ပညာသင်နှစ်တွင် ပုဗ္ဗသီရိမြို့နယ်ရှိ အခြေခံပညာကျောင်း ၅၆ ကျောင်းတွင် ဆရာ ဆရာမ အင်အား ၄၉၆ ဦးဖြင့် ကျောင်းသား ကျောင်းသူ ၁၇၀၀၀ ကျော်ကို လေ့ကျင့်သင်ကြားပေးလျက်ရှိပြီး ယခင်နှစ်များထက် ကျောင်းသား ကျောင်းသူ ၂၀ ရာခိုင်နှုန်းကျော် တိုးတက်လာကြောင်း၊ နိုင်ငံတော်သမ္မတကြီး၏ လမ်းညွှန်ချက်နှင့်အညီ အခြေခံပညာနှင့် အဆင့်မြင့်ပညာကဏ္ဍအလိုက် ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးများ ချီးမြှင့်ရေးအစီအစဉ်ကို ၂၀၁၂-၂၀၁၃ ပညာသင်နှစ်ကစပြီး အကောင်အထည်ဖော် ဆောင်ရွက်ရာ၌ မတ် ၃၀ ရက်နှင့် ၃၁ ရက်များတွင် မြို့နယ်/မြို့နယ်ခွဲအလိုက် ပညာသင်ဆုရွေးချယ်ရေး စာမေးပွဲများ ကျင်းပစစ်ဆေးရွေးချယ်ခဲ့ရာ အလယ်တန်းပညာသင်ဆု ရရှိကြသူများအား ပဉ္စမတန်းမှ အဋ္ဌမတန်းအထိ ပညာသင်ကာလ လေးနှစ်အတွက် တစ်လလျှင် ငွေကျပ်တစ်သောင်းနှုန်းနှင့် အထက်တန်းပညာသင်ဆု ရရှိသူများအား နဝမတန်းမှ ဒသမတန်းအထိ ပညာသင်ကာလ နှစ်နှစ်အတွက် တစ်လလျှင် ငွေကျပ် ၁၅၀၀၀ နှုန်းတို့ဖြင့် ချီးမြှင့်ပေးသွားမည် ဖြစ်ကြောင်း၊ အခြေခံပညာအတန်းစဉ်အလိုက် ဉာဏ်ပညာထက်မြက်ပြီး ဆက်လက်ပညာသင်ယူရန် အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူများအားလည်း မြို့နယ်အလိုက် ပညာသင်ထောက်ပံ့ကြေးများကို အတန်းစဉ်အလိုက် အခြေခံပညာအတန်းတစ်တန်းလျှင် ကျောင်းသား ကျောင်းသူ ၁၀၀၀ နှုန်းဖြင့် သူငယ်တန်းမှ ဒသမတန်းအထိ စုစုပေါင်းကျောင်းသား ကျောင်းသူ ၁၁၀၀၀ အား နှစ်စဉ်ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများမှ ကျောင်းအုပ်ကြီးများနှင့် ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများအား နိုင်ငံတော်က အားထားရသူများ ပေါ်ထွန်းလာအောင် ကြိုးပမ်းလေ့ကျင့်သင်ကြားပေးကြရန် တိုက်တွန်းမှာကြားလိုပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အောင်သီရိဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးသာဌေးက အောင်သီရိဖောင်ဒေးရှင်း၏ ရည်ရွယ်ချက်(၆) ချက်အနက် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးလုပ်ငန်းများအား တစ်ဖက်တစ်လမ်းမှ ဖြည့်ဆည်းထောက်ပံ့ပေးရန်နှင့် ပညာရေးကဏ္ဍတွင် ပညာရေးဝန်ကြီးဌာနနှင့် ပေါင်းစပ်၍ ကျောင်းနေအရွယ်ရောက်သူတိုင်း ပညာသင်ကြားပေးနိုင်ရေး ဆောင်ရွက်ရန် ရည်ရွယ်ချက်များကို ဖြည့်ဆည်းပေးရန်အတွက် ဤကျောင်းဆောင်သစ်ကို ဆောက်လုပ်လှူဒါန်းရခြင်းဖြစ်ကြောင်း၊ ရွာတော်ကျေးရွာနှင့် အနီးဆုံးကျောင်းမှာ ကျေးရွာနှင့် (၂)မိုင်ခန့်ဝေးကွာသည့် အမှတ်(၃)အခြေခံပညာ အထက်တန်းကျောင်းဖြစ်ပြီး ရွာနှင့်ကျောင်းအကြား၌ ရထားလမ်း၊ ကားလမ်းမကျယ်ကြီးများ ခြားနေ၍ မူလတန်းကလေးများ ကျောင်းသွား ကျောင်းပြန် အခက်အခဲများရှိခဲ့ကြောင်း၊ အချို့သော ကလေးများမှာ ပညာဆက်လက်သင်ကြားနိုင်ခြင်းမရှိခဲ့သဖြင့် အောင်သီရိဖောင်ဒေးရှင်းက ကျောင်းဆောင်အသစ်တည်ဆောက် ဖွင့်လှစ်ပေးရခြင်း ဖြစ်ကြောင်း၊ မိမိတို့ အောင်သီရိဖောင်ဒေးရှင်းသည် ပုဗ္ဗသီရိမြို့နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရည်ရွယ်ထူထောင်ထားခြင်းဖြစ်ပြီး ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် စီးပွားရေးကဏ္ဍများ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာအောင် ဆက်လက်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဖြင့် အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ယင်းနောက် မူလတန်းလွန်ကျောင်းသစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများအား အောင်သီရိဖောင်ဒေးရှင်းအဖွဲ့ဝင် ဦးအုန်းကျော်က ပုဗ္ဗသီရိမြို့နယ်ပညာရေးမှူး ဦးဇော်လင်းထံ လွှဲပြောင်းပေးအပ်ပြီး ဒေသခံပြည်သူများကိုယ်စား ရပ်မိရပ်ဖ ဦးမောင်အေးက ကျေးဇူးတင်စကားပြောကြားသည်။

ရွာတော် အခြေခံပညာမူလတန်းလွန်ကျောင်းသည် မြေ ၂ ဒသမ ၈ ဧကကျယ်ဝန်းပြီး ၎င်းမြေပေါ်တွင် ပေ(၁၅၀ × ၂၁၀)ရှိ ယူပုံစံ R.C ကျောင်းဆောင်သစ်ကို ကျောင်းသား ကျောင်းသူများ အေးချမ်းစွာ ပညာသင်ယူနိုင်အောင် ဆောက်လုပ် လှူဒါန်းခြင်းဖြစ်သည်။ ကျောင်းဆောင်သစ်တွင် စာသင်ခန်း ၁၅ ခန်းဖွဲ့စည်းထားပြီး ကျောင်းသားဦးရေ ၆၀၀ ကျော် တစ်ပြိုင်တည်း ပညာသင်ကြားနိုင်ကြောင်း သိရသည်။

အောင်သီရိဖောင်ဒေးရှင်းအနေဖြင့် ရည်ရွယ်ချက်(၆)ရပ်နှင့်အညီ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ပညာရေးကဏ္ဍတွင် ကျောင်းနေအရွယ်ရောက်သူတိုင်း ပညာသင်ကြားနိုင်ရေးအတွက် ပုဗ္ဗသီရိမြို့နယ်အတွင်း၌ ကျောင်းဆောင်သစ်များ ဆောက်လုပ်တိုးချဲ့အဆင့်မြှင့်တင်ခြင်းနှင့် အသစ်တည်ဆောက်ဖွင့်လှစ်ပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ကျောင်းပေါင်း ၄၅ ကျောင်းကို တည်ဆောက်ပြုပြင် တိုးချဲ့ဆောက်လုပ်ပေးခြင်း၊ ကျောင်းသုံးပရိဘောဂများ ဖြည့်ဆည်းပေးခြင်း၊ ပညာဆက်လက်သင်ယူရန် အခက်အခဲရှိသည့် ကျောင်းသား ကျောင်းသူများအတွက် ပညာရေးအထောက်အပံ့များ၊ ပညာသင်ဆုများ ပေးအပ်ချီးမြှင့်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

အမှာစကားပြောကြား

ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြအေး ရွာတော် အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းဆောင်သစ်အား ပညာရေးဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရောဝတီတိုင်းဒေသကြီးရှိ လမ်း၊ တံတားလုပ်ငန်းများ ဒုတိယဝန်ကြီး ဦးကျော်လွင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၄

ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်သည် ဧပြီ ၂၀ ရက်တွင် ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့၌ လမ်း၊ တံတား၊ အဆောက်အအုံ၊ လေယာဉ်ကွင်း အထူးအဖွဲ့များနှင့်တွေ့ဆုံပြီး ပုသိမ်-ငပုတောလမ်းတစ်လျှောက် လမ်းလုပ်ငန်းဆောင်ရွက်ထားရှိမှု၊ မိုင်တိုင်အမှတ်(၁၁/၇)နှင့်(၁၂/၀)ကြားရှိ ပဒဲကောချောင်းတံတား တည်ဆောက်နေမှုများနှင့် မိုင်တိုင်အမှတ်(၁၂/၀)အနီးရှိ သက္ကယ်ချောင်းတံတား ချဉ်းကပ်လမ်းတည်ဆောက်နေမှု၊ ချဉ်းကပ်တံတား အောက်ခြေအုတ်မြစ်နှင့် ကိုယ်ထည်ပိုင်းလုပ်ငန်းများ တည်ဆောက်ပြီးစီးမှု၊ ရေလယ်တိုင်များ တည်ဆောက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ယင်းနောက် ပုသိမ်-ငပုတောလမ်းကို ကြည့်ရှုကာ ငပုတောမြို့နယ် အင်ဂျင်နီယာရုံး ပြင်ဆင်ထိန်းသိမ်းထားရှိမှုများနှင့် ပုသိမ်-ချောင်းသာလမ်းပေါ်ရှိ ပုသိမ်ကြိုးတံတားကြံ့ခိုင်မှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (သတင်းစဉ်)

မိုးမောက်မြို့၌ သက်ကြီးပူဇော်

မိုးမောက် ဧပြီ ၂၄

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ်တွင် အသက် ၇၀ မှ ၉၀ အတွင်း သက်ကြီးဘိုးဘွား ၃၀ တို့ အား သက်ကြီးပူဇော်ကန်တော့ပွဲ အခမ်းအနားကို ဧပြီ ၁၇ ရက် (မြန်မာနှစ်ဆန်းတစ်ရက်)တွင် မိုးမောက်မြို့ မဟာသကြ်န် ဗဟိုမဏ္ဍပ်၌ ကျင်းပရာ အခမ်းအနားတွင် သက်ကြီးဘိုးဘွားများအား စုစုပေါင်း ငွေကျပ် ၃၀၀၀၀၀ လှူဒါန်းခဲ့သည်။

ပရိတ်ရွတ်ဖတ်

ထို့နောက် မွန်းလွဲ ၁ နာရီတွင် သံဃာတော် ၁၅ ပါးမှ မြို့ဝင်၊ မြို့ထွက်နှင့် မြို့တွင်း ငါးနေရာတွင် အန္တရာယ်ကင်း ပရိတ်ရွတ်ဖတ်ခြင်းဆောင်ရွက်ပြီး ဌာနဆိုင်ရာများက ဇီဝိတဒါနအဖြစ် ငှက်ကလေးများ လွှတ်ပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

မြိတ်မြို့နယ်အသင်း(ရန်ကုန်) ထာဝစဉ် ပညာရေးငွေပဒေသာပင်အတွက် အလှူငွေ ပေးအပ်ပွဲကို ရန်ကုန်မြို့ ယုဇနဟိုတယ်ခန်းမ၌ ဧပြီ ၂၃ ရက်က ကျင်းပရာ အလှူရှင်များ လှူဒါန်းသော ငွေကျပ် ၁၉၅ သိန်းကို အသင်းနာယက ဦးသန်းတင်လက်ခံယူစဉ်။ (မြန်မာ့အလင်း)

ငါးသားပေါက်များ မွေးမြူခြင်းသရုပ်ပြ

တပ်ကုန်း ဧပြီ ၂၄

နေပြည်တော်ကောင်စီ နယ်မြေ တပ်ကုန်းမြို့နယ်၌ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး စီမံချက်အရ သမဝါယမဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနတို့မှ ငါးမွေးမြူရေးနှင့် ငါးသားပေါက်မွေးမြူခြင်း သရုပ်ပြပွဲကို ဧပြီ ၈ ရက် ညနေက မြို့နယ်သမဝါယမဦးစီးဌာနတွင် ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ တာဝန်ခံ ဦးမျိုးနိုင်နှင့်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသန့်ဇင်တို့က ငါးမွေးမြူရန် ဆန္ဒရှိသူ တောင်သူများအား ရွှေဝါငါးကြင်း မျိုးငါးများကို ပေးအပ်၍ ငါးသားပေါက်နည်းအား လက်တွေ့သရုပ်ပြ ဆောင်ရွက်ကြပြီး တောင်သူများ၏ မေးမြန်းချက်များကို ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ညနေပိုင်း ထမင်း/ဟင်းချက်ချိန်၊ မီးသတိပေးနှိုးဆော်ချက်

(က) ကလေးသူငယ်များနှင့် သက်ကြီးရွယ်အိုများအား ထမင်း၊ ဟင်း ချက်ပြုတ်ခြင်းမပြုစေရန်။
(ခ) မီးဖိုအားသုံးစွဲပြီးပါက မီးကြွင်းမီးကျန်များ ငြိမ်းသတ်ထားရန်။
(ဂ) မီးသည် သုံးတတ်လျှင် မိတ်ဆွေ၊ မသုံးတတ်လျှင်ရန်သူဖြစ်၍ ပေါ့ဆမှုမဖြစ်စေဘဲ၊ အထူးသတိပြုသုံးစွဲရန်။

မီးသတ်ဦးစီးဌာန။

ပုလဲသွယ်စပ်မျိုးစပါးစိုက်ကွင်းများ ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဧပြီ ၂၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်သည် ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကျားကူးကျေးရွာရှိ တရုတ်နိုင်ငံ C.E.T.C ကုမ္ပဏီနှင့် ပူးပေါင်းသုတေသနပြု ဆောင်ရွက်လျက်ရှိသော အဆင့်မြင့် လယ်ယာမြေ ဧက ၁၀၀ စိုက်ကွင်း၏ ပုလဲသွယ်စပ်မျိုးစပါး(၈)မျိုး သုတေသနပြု မျိုးစေ့ထုတ်စိုက်ပျိုးထားရှိသော ၁၀ ဧက စိုက်ကွင်း၌ သက်တမ်း (၅၀) ရက်သားရှိ အဖိုလိုင်း (R) နှင့် သက်တမ်း (၅၅) ရက်သားရှိ အမလိုင်း (A) တို့၏ မျိုးစေ့ထုတ်အပင်များ ဟန်ချက်ညီ ဖြစ်ထွန်းအောင်မြင်လျက်ရှိသည့် ပန်းပွင့်ရန် နေ့ရက်-အချိန်ကိုက်ဖြစ်မှုကို စစ်ဆေးပြီး စိုက်ကွင်းတာဝန်ခံ တရုတ်ပညာရှင်များအား စားသောက်ဖွယ်ရာများ ပေးအပ်သည်။

ဆက်လက်၍ ဒက္ခိဏသီရိမြို့နယ် ချိုင်းကျေးရွာအနီးရှိ တောင်သူကိုယ်ပိုင် တစ်ဆက်တစ်စပ်တည်း ဧက ၁၀၀ စိုက်ခင်း၌ ပုလဲသွယ်စပါးများ သက်တမ်း (၅၀) ရက်သားအရွယ်တွင် ဖြစ်ထွန်း အောင်မြင်နေမှုများကို ကြည့်ရှုပြီး စိုက်ပျိုးရေလုံလောက်စွာ ရရှိရေး အထူးဂရုပြုဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပျဉ်းမနားမြို့နယ် အလျင်လိုကျေးရွာ တစ်ကွင်းတစ်ဆက်တည်း ၃၆၉ ဧက စိုက်ကွင်း၌ ပျမ်းမျှသက်တမ်း ၁၀၀ ရက်သားတွင် စပါးနှံများ စုံညီစွာထွက်ရှိနေသော ပုလဲသွယ် စပ်မျိုးစပါး စိုက်ခင်းများကို လည်းကောင်း၊ ဇမ္ဗူသီရိမြို့နယ် အောင်ချမ်းသာရွာ ပုလဲသွယ်စပ်မျိုးစပါးတစ်ကွင်းတစ်ဆက်တည်း ၂၈၈ ဧက စိုက်ကွင်း၌ (၉၀)ရက်သား သက်တမ်းရှိ ဖြစ်ထွန်းအောင်မြင်နေသော စပါးခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးအားပေးပြီး စိုက်ပျိုးရေးပညာရှင်များအနေဖြင့် တတ်မြောက်ကျွမ်းကျင်ထားသော ပညာရပ်များကို လယ်ကွင်းထဲတွင် လက်တွေ့အသုံးချနိုင်သည့်

အဆင့်ရောက်အောင် တောင်သူလယ်သမားများနှင့် ကိုယ်တိုင်ကွင်းဆင်း ပူးပေါင်းပါဝင် ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊

စိုက်ပျိုးရေးပညာရှင် တစ်ဦးချင်း လေ့လာသင်ယူတတ်မြောက်ထားသည့် ပညာရပ်များအပေါ် အပြန်အလှန်ပူးပေါင်းဖလှယ်ညှိနှိုင်းဆောင်ရွက်ခြင်း (Contribution) လုပ်ငန်းကို ထိထိရောက်ရောက် ဆောင်ရွက်ပြီး အသိအမြင်ချင်းဖလှယ်၍ တောင်သူလယ်သမားများ၏ အခက်အခဲကို ဖြေရှင်းပေးကြရမည် ဖြစ်ကြောင်းဖြင့် ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် ဒက္ခိဏသီရိမြို့နယ် ကျားကူးကျေးရွာရှိ တရုတ်နိုင်ငံ C.E.T.C ကုမ္ပဏီနှင့် ပူးပေါင်းသုတေသနပြု ဆောင်ရွက်လျက်ရှိသော ပုလဲသွယ်စပ်မျိုးစပါး (၈) မျိုး သုတေသနပြု မျိုးစေ့ထုတ်စိုက်ပျိုးထားရှိသော ၁၀ ဧက စိုက်ကွင်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား အာရှဖွံ့ဖြိုးရေးဘဏ် အရှေ့တောင်အာရှဆိုင်ရာ ညွှန်ကြားရေးမှူးချုပ် ဦးဆောင်သည့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် ဧပြီ ၂၄

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား အာရှဖွံ့ဖြိုးရေးဘဏ် အရှေ့တောင်အာရှဆိုင်ရာ စီးပွားရေး၊ သဘာဝသယံဇာတနှင့် လယ်ယာစိုက်ပျိုးရေးဌာနမှ Director Mr. Javed H. Mir နှင့်အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက် တွေ့ဆုံပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍဆိုင်ရာလုပ်ငန်းများတွင် အာရှဖွံ့ဖြိုးရေးဘဏ်မှ ပံ့ပိုးဆောင်ရွက်နိုင်မည့် အလားအလာကိစ္စများကို ဆွေးနွေးသည်။

ထိုသို့တွေ့ဆုံရာတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန စီမံကိန်းနှင့် စာရင်းအင်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစန်းလွင်၊ သစ်တောဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးအေးမြင့်မောင်၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးခင်မောင်ရီနှင့် သစ်တောဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်တို့ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းအား အာရှဖွံ့ဖြိုးရေးဘဏ် အရှေ့တောင်အာရှဆိုင်ရာ စီးပွားရေး၊ သဘာဝသယံဇာတနှင့် လယ်ယာစိုက်ပျိုးရေးဌာနမှ Director Mr.Javed H. Mir နှင့်အဖွဲ့ လာရောက်တွေ့ဆုံစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း ပြည်တွင်းအားကစားသတင်း

ပဏာမနိုင်ငံ့လက်ရွေးစင်အသင်းအတွက် ဂေါက်သီးရိုက် အားကစားသမားများ ရွေးချယ်မည်

နေပြည်တော် ဧပြီ ၂၄

အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် ဂေါက်သီးရိုက်အားကစားနည်း အောင်နိုင်ရေးအတွက် ပဏာမလက်ရွေးစင်အသင်း (ကျား/မ)ကို ပြိုင်ပွဲကျင်းပမည့်ကွင်း (နေပြည်တော်)၌ ကာလရှည် စခန်းသွင်းလေ့ကျင့်သွားရန် အားကစားဝန်ကြီးဌာနက စီစဉ်လျက်ရှိသည်။

နိုင်ငံ့လက်ရွေးစင် အသင်းတွင် အားကစားသမားများအဖြစ် ဝင်ရောက်ရွေးချယ်ခံမည့် အားကစားသမားများသည် (၁၄)နှစ်မှ (၃၀)နှစ်အတွင်း ရှိရမည်ဖြစ်ပြီး အမျိုးသားများသည် အကျောပေးရိုက်ချက်(၀)မှ (၁၂)အတွင်း၊ အမျိုးသမီးများသည် အကျောပေးရိုက်ချက် (၀)မှ (၁၆)အတွင်း ရိုက်နိုင်သူများဖြစ်ရမည်။ ရွေးချယ်ခံရပါက အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ပြီးဆုံးသည်အထိ နေပြည်တော်တွင် ကာလရှည်စခန်းသွင်းလေ့ကျင့်နိုင်သူများသာ ဝင်ရောက်အရွေးချယ်ခံရမည်ဖြစ်သည်။ လက်ရည်စစ်ရွေးချယ်ပြိုင်ပွဲကို မြို့တော်ဂေါက်ကွင်း (နေပြည်တော်)၌ ၂၀၁၂ ခုနှစ် မေ ၈ရက်နှင့် ၉ရက်တို့တွင် တစ်ရက်လျှင် (၁၈)ကျင်းရိုက်၍ ရွေးချယ်မည်ဖြစ်ပြီး အားကစားသမားများသည် မိမိအစီအစဉ်ဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြရမည် ဖြစ်သည်။

ပဏာမ ရွေးချယ်ခံရသူများအား စခန်းသွင်း လေ့ကျင့်နေစဉ်အတွင်း နေထိုင်စားသောက်စရိတ်၊ လေ့ကျင့်ရေးစရိတ်၊ ထောက်ပံ့စရိတ်များအပြင် ပညာသင်ကြားနေဆဲဖြစ်က ဆက်လက်သင်ကြားနိုင်ရေး အားကစားဝန်ကြီးဌာနက ညှိနှိုင်းစီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝင်ရောက်ယှဉ်ပြိုင်လိုသူများသည် မေ ၆ရက် နောက်ဆုံးထား၍ ဒုတိယညွှန်ကြားရေးမှူးချုပ်ရုံး၊ အားကစားဝန်ကြီးဌာန၊ နေပြည်တော်သို့ အမည်စာရင်းပေးသွင်းရမည် ဖြစ်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ဖုန်း-၀၆၇-၄၀၆၁၈၃သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ရေကူးပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင်ရွေးချယ်ရေး စံချိန်ယူရေကူးပြိုင်ပွဲကျင်းပ

ရန်ကုန် ဧပြီ ၂၄

မြန်မာနိုင်ငံ ရေကူးအဖွဲ့ချုပ်က ကြီးမှူး၍ (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ရေကူးပြိုင်ပွဲအတွက် ပဏာမလက်ရွေးစင် ရွေးချယ်ရေး စံချိန်ယူရေကူးပြိုင်ပွဲကို ဧပြီ ၂၄ ရက် နံနက် ၉ နာရီတွင် ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ စတင်ကျင်းပသည်။

အမျိုးသားသက်ကြီးတန်းမီတာ ၁၅၀၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမ ထိန်လင်းစိုး စံချိန်၂၀ မိနစ် ၂၈ ဒသမ ၄၆ စက္ကန့်၊ ဒုတိယ ဇင်မောင်ထက် စံချိန် ၂၁ မိနစ် ၅၆ ဒသမ ၆၂ စက္ကန့်၊ တတိယ တင်ကျော်လင်း စံချိန် ၂၂ မိနစ် ၅၃ ဒသမ ၉၇ စက္ကန့် ဖြစ်သည်။

ဆက်လက်ကျင်းပမည်

အမျိုးသမီးသက်ကြီးတန်း မီတာ ၈၀၀ အလွတ်ကူးပြိုင်ပွဲတွင် ပထမ အိအိသက် စံချိန် ၁၀မိနစ် ၄၇ ဒသမ ၆၅ စက္ကန့်၊ ဒုတိယ နန်းခမ်းမြတ်ခြူး စံချိန် ၁၁ မိနစ် ၃၉ ဒသမ ၂၁ စက္ကန့်၊ တတိယ ရွှေရည်အောင် စံချိန် ၁၂ မိနစ် ၁၁ ဒသမ ၂၁ စက္ကန့်ဖြစ်ကြသည်။

ဧပြီ ၂၅ ရက် နံနက် ၈ နာရီတွင် ပြိုင်ပွဲကို ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ အမျိုးသားရေကူးကန်၌ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး

တစ်ချက်တည်းကျင်းဝင်

ရန်ကုန် ဧပြီ ၂၄

ဦးသန်းဝင်း(ဥက္ကဋ္ဌ)စက်မှုဇုန်စီမံခန့်ခွဲရေးကော်မတီ (ရွှေပေါက်ကံစက်မှုဇုန်) သည် ကစားဖော်များဖြစ်ကြသော ဦးစိုးလင်းအောင်၊ ဦးဇေယျာအုန်း၊ ဦးရည်မွန်တို့နှင့်အတူ ဧပြီ ၂၁ ရက်တွင် မြန်မာဂေါက်သီးရိုက်အသင်း၌ ဂေါက်သီးရိုက်ကစားစဉ် Srixon Softfeel NO.(3) ဘောလုံးကို Honma Iron NO.(6) သံတုတ်ဖြင့် ရိုက်လိုက်ရာ ၁၅၄ ကိုက်အကွာရှိ ကျင်းအမှတ် (၅) သို့ တစ်ချက်တည်းဖြင့် ကျင်းဝင်သွားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

မြန်မာ့ရုပ်မြင်သံကြား

၂၅-၄-၂၀၁၂ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	သတ္တဌာန(ရတနာဦး၊ တေးရေး-ဒဂုန်ဆရာတင်)
၇း၂၅	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	နံနက်ခင်းသတင်း
၇း၄၀	သံသာချိုအေးမင်္ဂလာတေး
၇း၅၀	သက်ရှည်ကျန်းမာလေ့ကျင့်ပါ

ညပိုင်း

၄း၀၀	စစ်ချီတေး၊ စစ်သည်တေး
၄း၄၀	အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြား သင်ခန်းစာ -ဒုတိယနှစ် (ပထဝီဝင်၊ စိတ်ပညာ၊ အင်္ဂလိပ်စာ၊ သမိုင်း၊ ဒဿနိကဗေဒအထူးပြုများ) (ဒဿနိကဗေဒ)
၆း၀၀	ညနေခင်းသတင်း
၆း၁၅	မိုးလေဝသအခြေအနေ
၇း၄၅	အလင်္ကာဝတ်ရည်မြန်မာမှု တေးဂီတဖျော်ဖြေတင်ဆက်မှု အစီအစဉ် (အပိုင်း-၅)
၈း၀၀	ပြည်တွင်းသတင်း - နိုင်ငံတကာသတင်းများ - နိုင်ငံခြားဇာတ်လမ်းတွဲ **အချစ်ဆုံး** (အပိုင်း-၄၉) - မြန်မာဗီဒီယိုဇာတ်လမ်း **ကျွေးဖေဖေ** (ရန်အောင်၊ မြတ်ကေသီအောင်) ဒါရိုက်တာ-အောင်ဩဘာ

သုံးခွမြို့နယ်၌ အရန်သားဖွားဆရာမသင်တန်းဆင်း

ရန်ကုန် ဧပြီ ၂၄

ကမ္ဘာ့ကျန်းမာရေးနေ့ အထိမ်းအမှတ်ကို ဂုဏ်ပြုသောအားဖြင့် ၂၀၁၁- ၂၀၁၂ ခုနှစ်အတွက် ရန်ကုန်တောင်ပိုင်းခရိုင် သုံးခွမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သော အရန်သားဖွားဆရာမသင်တန်း(၈/၂၀၁၁) သင်တန်းဆင်းပွဲကို မြို့နယ်ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ဧပြီ ၂၃ ရက် နံနက် ၉ နာရီက ကျင်းပရာ သုံးခွမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်သောင်း အမှာစကားပြောကြားသည်။

ဆက်လက်၍ သုံးခွမြို့နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာသန်းသန်းဆွေက သင်တန်းဆင်း အမှာစကားပြောကြားပြီး ထူးချွန်ဆုရသင်တန်းသူတစ်ဦးအား ဂုဏ်ပြုဆုချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ထို့နောက် သုံးခွမြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်မညိုက အရန်သားဖွားဆရာမသင်တန်းသူ ၁၀ ဦးတို့အား ဝတ်စုံများပေးအပ်ချီးမြှင့်ပြီး သင်တန်းဆင်းလက်မှတ်များကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(အောက်ပုံ) (၀၂၈)**

25-4 (08).pmd 1 4/25/2012, 1:22 AM

မသန်စွမ်းသူများအတွက် အသက်မွေးမှုသင်တန်းများ လျှောက်ထားနိုင်

ရန်ကုန် ဧပြီ ၂၄

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၌ မေ ၁၄ ရက်မှ စတင်၍၁၈ နှစ်မှ ၄၅ နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် တစ်နှစ်သင်တန်းဖြစ်သည့် အီလက်ထရွန်နစ်သင်တန်းနှင့် သုံးလသင်တန်းများဖြစ်သည့်စက်ချုပ်သင်တန်း၊ ခါတ်ပုံသင်တန်း၊ ပိုးဇာပုံနှိပ်သင်တန်း၊ ဆံသသင်တန်းနှင့်ကွန်ပျူတာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ သင်တန်းတက်ရောက်လိုသူများသည် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် ကျိုက်ဝိုင်းဘုရားလမ်း အမှတ် (၆၅)ရှိ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း ဖုန်း-၀၁-၉၆၆၁၇၁၂၊ ၀၉-၇၃၀၇၄၈၅၆၊ ၀၉-၄၉၃၀၆၄၀၇ တို့သို့စုံစမ်းနိုင်ပြီး သင်တန်းတက်ရောက်ခွင့်ရသူများအား လစဉ်ထောက်ပံ့ကြေး၊ အဆောင်နေ စားစရိတ်ငြိမ်းနှင့် နယ်မှလာသော သင်တန်းသားများအတွက် အိမ်ပြန်ခရီးစရိတ်ထုတ်ပေးမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သုဝဏ္ဏမြို့ (၂၉) ရပ်ကွက် ကောက်လျှင်လမ်းဆုံ၌ မိဘပြည်သူများကြီးမှူး၍ ဒုတိယအကြိမ် သက်ကြီးပူဇော်ပွဲကို ဧပြီ ၂၁ ရက်က ကျင်းပရာ အဘိုးအဘွား ၈၇ ဦးတို့အား ဂါရဝပြုပစ္စည်းများဖြင့် ပူဇော်ကန်တော့ကြစဉ်။ (မြန်မာ့အလင်း)

ပုလဲသွယ်စပ်မျိုးစပါးစံကွက် မှော်ဘီ၌ရိတ်သိမ်း

ရန်ကုန် ဧပြီ ၂၄

ရန်ကုန်မြောက်ပိုင်းခရိုင် မှော်ဘီမြို့ မြန်မာ့ဆန်စပါး သုတေသနဌာနတွင် စိုက်ပျိုးထားသည့် ပုလဲသွယ်အထူးအထွက်တိုး စပ်မျိုးစပါး ၁၀ ဧက၏ အထွက်နှုန်းစံကွက်ရိတ်သိမ်းပွဲကို ဧပြီ ၂၃ ရက် နံနက် ၈ နာရီက ကျင်းပသည်။

အဆိုပါစံကွက်ရိတ်သိမ်းပွဲတွင် ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးတင်အောင်ဝင်းက နိုင်ငံတော်မှ တောင်သူလယ်သမားများ စပါးအထွက်နှုန်းတိုးတက်ရေး၊ ဝင်ငွေနှစ်ဆတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့် သုံးစွဲခြင်း၊ ဓာတ်မြေသြဇာများ စနစ်တကျ တိုးတက်သုံးစွဲခြင်း၊ သိပ္ပံနည်းကျစိုက်နည်းစနစ် လိုက်နာကျင့်သုံးခြင်းလုပ်ငန်းများကို လက်တွေ့ဆောင်ရွက်လျက်ရှိသည့် အခြေအနေများကိုလည်းကောင်း၊ တိုင်းဒေသကြီးမြေစာရင်းဦးစီးဌာနဦးစီးမှူး ဦးဇော်မင်းက တောင်သူလယ်သမားများ၏ အကျိုးစီးပွားအတွက် နိုင်ငံတော်မှ လယ်ယာမြေဥပဒေများကို ပြုပြင်ပြောင်းလဲပေးမှုအခြေအနေများကိုလည်းကောင်း၊ မြန်မာ့ဆန်စပါး သုတေသနဌာန တာဝန်ခံ ဒေါက်တာရဲတင့်ထွန်းက ပုလဲသွယ် အထူးအထွက်တိုး စပ်မျိုးစပါး၏ကောင်းမွန်သော အရည်အသွေးရရှိရေး သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်(၁၄)ချက်နှင့်အညီ အဆင့်ဆင့်စိုက်ပျိုးခဲ့မှု အခြေအနေများနှင့် လယ်သမားများ ဈေးနှုန်းသက်သာစွာ အလွယ်တကူ ဝယ်ယူစိုက်ပျိုးနိုင်ရေးအတွက် ဒေသနှင့်ကိုက်ညီသည့် ပုလဲသွယ်စပ်မျိုးစပါးများကို ပြည်တွင်း၌ စနစ်တကျ မျိုးစပ်ထုတ်လုပ်နေမှုအခြေအနေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးကြသည်။ **(အောက်ပုံ)**

ထို့နောက် တက်ရောက်လာသည့် တောင်သူလယ်သမားများက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးကြပြီး ရိတ်ခြွေစက်ဖြင့် စံကွက်ရိတ်သိမ်းနေမှုများကို ကြည့်ရှုလေ့လာကြသည်။ **(မြန်မာ့အလင်း)**

ဧပြီ ၂ ရက်က ပဲခူးတိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ နာယက ဒေါ်မြင့်မြင့်စိုး၊ ဥက္ကဋ္ဌ ဒေါ်မေသူနှင့်အဖွဲ့ဝင်များ အလက(၆) ကျောင်း၌ တည်းခိုနေထိုင်သည့် ခွဲစိတ်ကုသပြီးသော မျက်စိဝေဒနာရှင်များအား ထောက်ပံ့ငွေများပေးအပ်စဉ်။ (မြန်မာ့အလင်း)

သောက်ပါ့မယ် ပျောက်တော့တီဘီရယ်

ပါမောက္ခဦးဝင်းနိုင်
(အဆုတ်နှင့်ရင်ခေါင်း အထူးကုဆရာဝန်ကြီး)

(ယမန်နေ့မှအဆက်)

မေမေပိုပို။ ။ အဲဒါတွေစစ်ထားလို့ ဆေးစစ်ချက်အဖြေတွေ မကောင်းဘူးဆိုရင် ဆေးမတိုက်ရတော့ဘူးလား။ ကောင်းတယ်ဆိုရင်ရော စိတ်ချရမှာလားကွယ့်။

ကျွန်တော်ဆရာဝန် ။ ။ အသည်းတို့ ကျောက်ကပ်တို့ကို စစ်လိုက်လို့ ကောင်းနေတယ်ဆိုရင် စိတ်ချရပြီဆိုပြီး တစ်ထစ်ချမှတ်လို့တော့မရဘူး။ ဆေးသောက်တဲ့အခါမှာ ဆိုးကျိုးတွေ ပေါ်လာတာလည်းရှိနိုင်တဲ့အတွက် တစိုက်မတ်မတ် စောင့်ကြည့်ကုသခြင်းသာလျှင် ကောင်းပါတယ်။ တကယ်လို့ အသည်းတို့ ကျောက်ကပ်တို့မှာ ရောဂါရှိနေရင်လည်း တီဘီရောဂါဖြစ်နေပြီးသားဖြစ်တဲ့အတွက် တီဘီဆေးကတော့ တိုက်ကို တိုက်ရမှာဖြစ်ပါတယ်။ ဆေးတိုက်နေစဉ်ကာလမှာ အသည်းတွေ၊ ကျောက်ကပ်တွေ ထိခိုက်မှု ရှိ၊ မရှိဆိုတာကို ပိုပြီးတော့ ဂရုတစိုက်ကြည့်ပေးရမှာပေါ့။ လိုအပ်ရင် လိုအပ်သလို ဆေးကုထုံးပြောင်းပေးရတာလည်း ရှိတတ်ပါတယ်။ ဒါတွေကတော့ တီဘီရောဂါကုနေတဲ့ဆရာဝန်တွေ လုပ်ဆောင်ရမယ့်အချက်ပဲ ဖြစ်တယ်။ လူနာတွေအနေနဲ့ကလည်း တီဘီဆေးသောက်နေတဲ့ ကာလအတွင်းမှာ ထူးခြားမှုတွေရှိခဲ့မယ်ဆိုရင်၊ မခံနိုင်ဘူးဆိုရင်၊ ဆေးမတည့်ဘူးဆိုရင် အချိန်နဲ့တစ်ပြေးညီ မိမိကိုကုနေတဲ့ ဆရာဝန်ကို အကြောင်းကြား သတင်းပို့ရမှာဖြစ်ပါတယ်။ တီဘီဆေးတွေရဲ့ သဘောကတော့ စောစောကပြောတဲ့ side effect တွေက ရှိနေမှာပဲလေ။ တစ်ဦးနဲ့တစ်ဦး ခံစားမှုချင်းမတူသလို တုံ့ပြန်တာတွေ မတူကြဘူးပေါ့။ တချို့မှာတော့ ဆေးစသောက်ခါစမှာ ရင်ပူတာ၊ အစားပျက်တာတို့ ဖြစ်တတ်ပါတယ်။ တချို့မှာလည်း ဆေးတွေနဲ့ မတည့်တဲ့ Allergic Reaction တွေ ဖြစ်တတ်သေးတယ်။ Allergic Reaction ဖြစ်ရင် ဒီဆေးငါးမျိုးထဲက ဘယ်ဆေးနဲ့မတည့်တာလဲဆိုတာကို ဂရုတစိုက် ပြန်ပြီးစစ်ရသေးတယ်။ ဆေးတစ်မျိုးချင်းစီကို တစ်မျိုးပြီးတစ်မျိုး ပြန်ပေးကြည့်ရတယ်။ ပြန်စမ်းကြည့်ရတယ်။ တည့်တဲ့ဆေးတွေကို သင့်တော်သလို ပြန်လည်ပြီး တိုက်ကျွေးရသေးတယ်မမရဲ့။

မေမေပိုပို ။ ။ အေးကွယ်၊ ကုသရတာတော့ ရှုပ်သား၊ တကယ်လို့ အကြောင်းအမျိုးမျိုးကြောင့် မတည့်လို့သော်လည်းကောင်း၊ မခံနိုင်လို့သော်လည်းကောင်း၊ ဒါမှမဟုတ် သောက်တဲ့သူက ပျက်ကွက်ပြီး သူ့ဘာသာသူဆုံးဖြတ်လို့သော်လည်းကောင်း ဆေးကိုဆေးပတ်လည်အောင် မသောက်ဘဲ စောစောစီးစီးရပ်ခဲ့တယ် ဆိုပါစို့ကွယ်။ အဲဒီတော့ ဘာဖြစ်နိုင်လဲကွယ့်။

ကျွန်တော်ဆရာဝန် ။ ။ ဆေးကို ဆေးပတ်လည်အောင် မသောက်ခဲ့ရင်၊ ဒါမှမဟုတ် ဆေးကို ဆေးချိန်မမီဘဲလျှော့သောက်ခဲ့မယ်ဆိုရင် သေချာပေါက် တီဘီရောဂါ နောက်တစ်ကြိမ်ပြန်ဖြစ်မှာပါ။ ပြန်ဖြစ်ရုံတင်မကဘဲ ကုလို့ရတဲ့၊ ဆေးတိုးတဲ့ တီဘီကနေ ကုလို့မလွယ်တဲ့၊ ဆေးမတိုးတဲ့၊ ဆေးယဉ်ပါးတဲ့ တီဘီအထိ ဖြစ်သွားနိုင်တယ်။

မေမေပိုပို ။ ။ အမယ်လေး၊ ကြောက်စရာပါလားကွယ်။ ကဲ ဒါဆိုရင် သေသေချာချာ သောက်ပြီဆိုပါစို့။ ဆရာဝန်ညွှန်းတဲ့အတိုင်း အချိန်အဆမှန်မှန်၊ နေ့စဉ်အချိန်မှန်မှန် ဆေးပတ်လည်အောင် သောက်တယ်ဆိုရင် ပျောက်မယ်လို့ အာမခံနိုင်သလားကွယ့်။

ကျွန်တော်ဆရာဝန် ။ ။ မမကလည်း မေးတတ်ပြန်တယ်နော်။ ဖြေတဲ့သူတောင် တော်တော်ကြောက်လာပြီ။ သိပ္ပံနည်းကျတိတိကျကျပြောရမယ်ဆိုရင် တီဘီရောဂါရှိသူအယောက် ၁၀၀ ဆေးမှန်မှန်သောက်တယ်ဆိုပါစို့။ အယောက် ၁၀၀ လုံး ပျောက်ဖို့မလွယ်ပါဘူး။ သုံး၊ လေးယောက်လောက် ရောဂါမပျောက်ဘဲရှိနိုင်တယ်။ တီဘီရောဂါပြန်ဖြစ်တာဖြစ်နိုင်ပါတယ်။ ဘာကြောင့်လဲဆိုရင် တီဘီပိုးတွေမှာ ကနဦးကတည်းကိုက ဆေးကို ယဉ်ပါးပြီးသားဖြစ်နေတတ်လို့ပါပဲ။ အထူးသဖြင့် မိမိကို ကူးစက်ထားတဲ့တီဘီပိုးဟာ အခြားဆေးမတိုးတဲ့၊ ဆေးယဉ်ပါးတဲ့လူနာဆီကနေရတဲ့ ပိုးဖြစ်နေခဲ့မယ်ဆိုရင် ကုရတာပိုခက်မှာပါ။ ရောဂါမပျောက်တဲ့ ရာခိုင်နှုန်းပိုများမှာပါ။

သမီးကဲကဲ ။ ။ ဦးဦးဆရာဝန်၊ ဒါဆို တီဘီဆေးကို ပြည့်ဝအောင်မသောက်ဘဲ စောစောရပ်လိုက်မယ်ဆိုရင် မပျောက်ဘဲ ပြန်ဖြစ်မယ့်နှုန်းက ပိုများမှာပေါ့နော်။

ကျွန်တော်ဆရာဝန် ။ ။ ဟာ သိပ်မှန်တာပေါ့ သမီးရယ်။ စောစောဖြတ်လေ ပြန်ဖြစ်ဖို့ရာနှုန်းပိုများလေပဲကွယ့်။ ဆေးတွေလျှော့သောက်မယ်ဆိုရင်လည်း ဆေးတွေယဉ်ပါးပြီး ကုမရဘူးဖြစ်မှာနော်။

မေမေပိုပို ။ ။ အဲဒါဆိုရင် ဒီလိုမဖြစ်အောင် တစ်စုံတစ်ယောက်က ကြပ်ကြပ်မတ်မတ် တိုက်ပေးဖို့ လိုနေမှာပေါ့။

ကျွန်တော်ဆရာဝန် ။ ။ သိပ်မှန်တာပေါ့ မမရေ၊ လူနာက လူနာကိုယ်တိုင်သောက်ခွင့်ရရင် ဆေးလျှော့သောက်တာရှိနိုင်တယ်။ ဒါကြောင့်မို့ သူ့သဘောနဲ့သူ သောက်မယ့်အစား တစ်စုံတစ်ယောက်ကနေပြီး ကြပ်ကြပ်မတ်မတ် တိုက်ပေးစေချင်တာ။ ဖြစ်နိုင်ရင်တော့ ကျန်းမာရေးဝန်ထမ်းကနေစောင့်ကြည့်ပြီး တိုက်စေချင်တာ။ ကျန်းမာရေးဝန်ထမ်းရှေ့မှာတင်ပဲ ဆေးကို ချက်ချင်းသောက်သွားတာမျိုး၊ နေ့တိုင်းမှန်မှန်လာသောက်နေတာမျိုး ဖြစ်အောင်လုပ်တာကို DOTS (Directly Observed Treatment Strategy) လို့ခေါ်ပါတယ်။ ဒါပေမယ့် ဒီလိုလုပ်ဖို့ကျတော့ ကျန်းမာရေးဝန်ထမ်း အင်အားအများကြီးလိုပြန်တယ်လေ။ ကျွန်တော့်ဆီမှာတော့ လူမှုရေးအဖွဲ့အစည်းတွေ တာဝန်ယူလုပ်ဆောင်ပေးကြတယ်။ ကျန်းမာရေးဝန်ထမ်းတွေ ကြီးကြပ်တယ်။ မမတို့လို လူနာရှင်မိဘတွေက ကြီးကြပ်ပေးတယ်။ ဒါကြောင့်မို့လို့ ဒီလို DOTS နည်းသုံးခြင်းအားဖြင့် လူနာက ဆေးမသောက်ဘဲ သူ့သဘောနဲ့သူ လုပ်လို့မရတော့ဘူးပေါ့။ ဒီအခါ ပျောက်ကင်းတဲ့ရာခိုင်နှုန်းက ပိုပြီးမြင့်တက်လာတယ်လေ။

မေမေပိုပို ။ ။ ကဲ တကယ်လို့ ခရီးထွက်စရာရှိတာတို့ နိုင်ငံရပ်ခြားသွားပြီး အလုပ်လုပ်တာတို့ သင်္ဘောသားလုပ်တာတို့ဆိုရင်ရောကွယ်။

ကျွန်တော်ဆရာဝန် ။ ။ ဒီအချက်တွေမှာတော့ ခြွင်းချက်တွေရှိတာပေါ့။ လူနာက ရောဂါကုထုံးအကြောင်းနားလည်ရမယ်လေ။ မိမိကိုယ်ကိုကောင်းဖို့အတွက် မိမိကြိုးစားပြီး သောက်ရတာပဲ မဟုတ်လား။ ဒီ့ပြင်ခံယူချက်တစ်ခုလည်း ရှိသင့်ပါသေးတယ်။

မေမေပိုပို ။ ။ ဘာခံယူချက်များလဲကွယ့်။

ကျွန်တော်ဆရာဝန် ။ ။ မမရေ၊ တီဘီရောဂါဆိုတာက ပြည်သူလူထုတစ်ရပ်လုံးရဲ့ ကျန်းမာရေးနဲ့ သက်ဆိုင်နေတဲ့ ရောဂါတစ်ခုဖြစ်တယ်။ တီဘီရောဂါဝေဒနာရှင် တစ်ယောက်ဟာ တီဘီဆေးသောက်တဲ့နေရာမှာ အဓိကရည်ရွယ်ချက်နှစ်ခုရှိတယ်လို့ မှတ်ယူရမယ်။ ပထမတစ်ချက်ကတော့ မိမိရဲ့ကျန်းမာရေးပေါ့။ အဓိကအကျဆုံးပါပဲ။ ဒီဆေးသောက်မှ မိမိကျန်းမာမှာလေ။ နောက်ဒုတိယအချက်ကလည်း လျှော့မတွက်နဲ့။ အရေးကြီးတာပဲ။ အဲဒါက ပြည်သူ့ကျန်းမာရေးဖြစ်တယ်။ တီဘီရောဂါဟာ ရောဂါရှိတဲ့သူတစ်ယောက်တည်းကို ဒုက္ခပေးတာမဟုတ်ဘူး။ ရောဂါရှင်ရဲ့ ပတ်ဝန်းကျင်၊ မိသားစု၊ အနီးအနားမှာရှိတဲ့ ပြည်သူအားလုံးကို ကူးစက်နိုင်သေးတယ်လေ။ ရောဂါသည်တစ်ယောက်ဟာ ဆေးကိုမှန်မှန်ကန်ကန်မသောက်ခဲ့ဘူးဆိုရင် မိမိပတ်ဝန်းကျင်မှာရှိတဲ့ ပြည်သူလူထုကို ကူးစက်နိုင်တယ်။ တစ်ယောက်ကနေ အများ၊ လူနာတစ်ဦးမှသည် လူနာအများဆီသို့ ဖြစ်သွားမှာပေါ့။ တီဘီရောဂါထိန်းချုပ်တာ မလွယ်တော့ဘူး ဖြစ်သွားမယ်။ တကယ်လို့သာ မှန်မှန်ကန်ကန်သောက်ခဲ့မယ်ဆိုရင် သူတစ်ပါးကို ကူးစက်နိုင်ဖို့ မရှိတော့ဘူးလေ။ ဒါကြောင့်မို့လို့ ဒုတိယအချက်ကလည်း အရေးကြီးတယ်လို့ဆိုတာပါ။ ကိုယ်တိုင်လည်း ရောဂါပျောက်စေ၊ သူတစ်ပါးကိုလည်း ရောဂါမရောက်စေဖို့ မေတ္တာ၊ စေတနာထားပြီးတော့ သောက်သုံးကြ၊ ကုသကြရမှာဖြစ်ပါတယ်။

မေမေပိုပို ။ ။ ဒါဆိုရင် တီဘီရောဂါဖြစ်နေတဲ့သူတွေကို ကျောင်းသွားတာ၊ အလုပ်လုပ်တာနဲ့ လူမှုရေးကိစ္စတွေမှာ လှုပ်ရှားပါဝင်တာကိုရော ခွင့်ပြုလို့ရပ့ါမလားကွယ်။ ကူးကုန်မှာပေါ့။

ကျွန်တော်ဆရာဝန် ။ ။ မမရေ၊ တီဘီရောဂါက အဲဒီလောက်ကြီးလည်း သဘောမဆိုးလှပါဘူး။ ရောဂါသည်ကို တီဘီဆေးစတိုက်လို့ နှစ်ပတ်ကနေ တစ်လလောက်ကြာသွားပြီးပြီဆိုရင် ရောဂါလက္ခဏာတွေ အတော်ကြီးသက်သာလာတယ်။ သမီး ကဲကဲတို့လိုပေါ့။ တစ်ချိန်တည်းမှာ သူတစ်ပါးကို ကူးစက်ဖို့အခွင့်အလမ်းလည်း အလွန့်အလွန်နည်းသွားပါတယ်။ ဒါကြောင့် ဆေးကို မြန်မြန်စသောက်လိုက်ဖို့က အရေးကြီးပါတယ်။

သမီးကဲကဲ ။ ။ ဦးဦးဆရာဝန်၊ အဲဒီလိုမျိုး သွားသွားလာလာနေမယ်ဆိုရင် နှာခေါင်းစည်းကို စည်းထားဖို့လိုတာပေါ့နော်၊ စောစောက သမီးကဲကဲစည်းထားသလိုပေါ့။

ကျွန်တော်ဆရာဝန် ။ ။ သိပ်ကိုမှန်ပါတယ်။ လူနာအနေနဲ့ချောင်းဆိုးတာ၊ နှာချေတာ၊ အော်ဟစ်ပြောဆိုတာမျိုးတွေရှိခဲ့ရင် သူ့ရဲ့ ထွက်သက်လေထဲမှာ တီဘီပိုးတွေပါသွားတယ်။ သူတစ်ပါးကို လွယ်လွယ်ကူးနိုင်တာပေါ့။ လူနာက နှာခေါင်းစည်းကို စည်းလိုက်ရင် တီဘီပိုးတွေ လေထဲမထွက်နိုင်တော့ဘူး။ သူတစ်ပါးကို မကူးနိုင်တော့ဘူးပေါ့။ ဒါကြောင့်မို့ လူနာတွေကို ဦးတို့က နှာခေါင်းစည်းကို တပ်ပေးရတာ။ နှာခေါင်းစည်း မစည်းချင်ရင်လည်း လက်ကိုင်ပဝါနဲ့ နှာခေါင်း၊ ပါးစပ်တို့ကို အုပ်ပြီးတော့မှ ချောင်းဆိုးတာ၊ နှာချေတာ လုပ်ရတယ်ကွယ့်။ မိမိသုံးပြီးသား လက်ကိုင်ပဝါကိုလည်း ကောင်းစွာ လျှော်ဖွပ်သန့်စင်ပြီး နေရောင်နှင့်လုံလောက်စွာ ထိတွေ့ခြောက်သွေ့စေပြီးမှ ပြန်အသုံးပြုရတယ်။

မေမေပိုပို ။ ။ ကဲ ဆရာဝန်ကြီးရေ၊ အိမ်မှာနေရင်ရော ဘယ်လိုလုပ်ရမှာတုန်း။ တစ်ယောက်နဲ့တစ်ယောက် အကုန်ကူးကုန်တော့မှာပေါ့။

ကျွန်တော်ဆရာဝန် ။ ။ တီဘီရောဂါသည်ကတော့ မိမိအိမ်သားတွေနဲ့အတူ နေနေမှာပဲလေ။ အိမ်သားတွေမကူးအောင် စောစောကပြောတဲ့ ပြည်သူ့နီတိကျင့်ဝတ်တွေကို လူနာက လိုက်နာရမှာပေါ့။ ဒီ့ပြင်ကို အိမ်မှာလည်း လေကောင်းလေသန့်ရဖို့ လေဝင်လေထွက်ကောင်းဖို့ အိမ်ပြတင်းတံခါးတွေကို ဖွင့်ထားဖို့လိုပါတယ်။ နေရောင်ခြည်လည်း ကောင်းကောင်းရသင့်တယ်။ လူနာအနေနဲ့လည်း သလိပ်ကို စစ်ဆေးဖို့ သလိပ်ထုတ်တဲ့အခါ လူအများကြားမှာ မလုပ်ရပါဘူး။ အဆောက်အအုံရဲ့အပြင်ဘက်၊ လဟာပြင်လို နေရာမျိုးမှာသာလျှင် သလိပ်ကို ဟပ်ထုတ်သင့်ပါတယ်။ သလိပ်ခွက်ကိုလည်း ပြီးစလွယ်မထားရပါဘူး။ အဖုံး ဖုံးထားရပါမယ်။ သလိပ်ကို စွန့်ပစ်မယ်ဆိုရင်လည်း အိမ်သာကျင်းထဲစွန့်ပစ်တာမျိုးလို စနစ်တကျစွန့်ပစ်ရပါမယ်။

မေမေပိုပို ။ ။ တချို့ကပြောတယ်။ အိုးတွေ၊ ပန်းကန်ခွက်တွေ သီးသန့်ခွဲပြီး စားရမယ်တဲ့။ အဲဒါ ဟုတ်သလား။

သမီးကဲကဲ ။ ။ မေမေကလည်း ဒါက အစားအသောက်ကတစ်ဆင့်ကူးတဲ့ရောဂါမှ မဟုတ်တာ။ လေကတစ်ဆင့်ကူးတဲ့ရောဂါဖြစ်လို့ ခွဲစားစရာမလိုပါဘူး။ ဟုတ်တယ်မဟုတ်လား ဦးဦးဆရာဝန်။

ကျွန်တော်ဆရာဝန် ။ ။ သမီးကဲကဲက ရာနှုန်းပြည့်မှန်ပါတယ်။ လေကနေတစ်ဆင့် ကူးတာဖြစ်တဲ့အတွက် စောစောကပြောသလို နှာချေ၊ ချောင်းဆိုး၊ အော်ဟစ်ပြောဆိုရာကနေ ကူးနိုင်တာ၊ နှာခေါင်းစည်း စည်းလိုက်ရင် လုံခြုံသွားပြီ။ ချောင်းဆိုးရင် နှာခေါင်း၊ ပါးစပ်ကို လုံအောင်ဖုံးပြီး ဆိုးလိုက်ရင် ကူးစက်မှုမရှိနိုင်တော့ဘူး။ သလိပ်တွေ၊ တံတွေးတွေကို စည်းမဲ့ကမ်းမဲ့ မလုပ်တော့ဘူးဆိုရင် ဒီရောဂါပျံ့နှံ့မှု မရှိနိုင်တော့ဘူး။ အိုး၊ ခွက်၊ ပန်းကန် ခွဲစားတာဟာ မှားနေတဲ့ အယူအဆတစ်ခုဖြစ်ပြီး လူနာကို စိတ်ဓာတ်ကျစေတယ်လေ။ လူနာအတွက်ရော၊ ပတ်ဝန်းကျင်အတွက်ပါ ကရိကထများပြီး အကျိုးမရှိတဲ့ အမူအကျင့်တစ်ခုလို့ မှတ်ယူရမှာ ဖြစ်ပါတယ်။

သမီးကဲကဲ ။ ။ ဦးဦးဆရာဝန်၊ သမီးက ဆေးတွေ အများကြီးသောက်နေရတာ၊ သမီးကြိုက်တဲ့ အစားအစာတွေ များများစားရမှာမဟုတ်လား။ မေမေတို့က ဟိုအစာ မစားနဲ့၊ ဒီအစာပိုစားဆိုပြီး သမီးစားချင်တာမစားရဘဲ မစားချင်တာတွေ စားခိုင်းနေတယ်။ လုပ်ပါဦး။

ကျွန်တော်ဆရာဝန် ။ ။ တီဘီရောဂါနဲ့ ပတ်သက်လို့ကတော့ အစားအသောက် ရှောင်စရာမလိုဘူးလေကွယ်။ သမီးလည်း ကြိုက်တာစားနိုင်ပါတယ်။ အားရှိနိုင်တဲ့ အစာ၊ အာဟာရဖြစ်တဲ့အစာတွေ စားရင်တော့ ပိုကောင်းတာပေါ့။ ခံတွင်းလည်း ကောင်းမယ်၊ အာဟာရလည်း ပြည့်မယ်ဆိုရင်တော့ အတိုင်းထက်အလွန်ပဲပေါ့။ ဒီအချက်တော့ လိုက်လျောပေးလိုက်ပါမမရယ်။

မေမေပိုပို ။ ။ အမလေး ငါ့မှာလည်း လိုက်လျောရမယ့်အချက်တွေ အများကြီးပါပဲလား။ ဆေးလည်း အချိန်မှန်မှန် တိုက်ရသေးတယ်။ အစားအသောက်လည်း သူကြိုက်တာတွေကို ကောင်းကောင်းကျွေးရဦးမယ်။ သူတစ်ပါးကို မကူးစက်အောင် အိမ်မှာ လေတို့၊ နေတို့ ကောင်းကောင်းရအောင်လည်း လုပ်ပေးရဦးမယ်။ အလုပ်တွေ များလှချည်လားကွယ့်။

ကျွန်တော်ဆရာဝန် ။ ။ ဟုတ်တယ် မမရေ၊ နိုင်ငံတော်ကလည်း တီဘီဆေးတွေကို အခမဲ့ ပံ့ပိုးပေးနေတာတွေ ကြည့်ဦးလေ။ တာဝန်ကိုယ်စီရှိကြသည်ပေါ့။ လူနာရယ်၊ လူနာရှင်ရယ်၊ ကျန်းမာရေးဝန်ထမ်းတွေရယ်၊ နိုင်ငံတော်ရယ် အားလုံးက တက်ညီလက်ညီနဲ့ လုပ်နေကြမှ တီဘီရောဂါဆိုးကြီးက လျော့နည်းပပျောက်သွားမှာလေ မမရဲ့။ ကဲ သမီးကဲကဲတို့ ဦးဆီရောက်နေတာကြာနေပြီ။ ဗိုက်ဆာကြရောပေါ့။ မုန့်ကျွေးပါ့မယ်ကွယ့်။ မုန့်မကျွေးခင် သမီးကဲကဲကို မေးရမယ်။ တီဘီဆေးဆက်သောက်မှာလား။ ဒါမှမဟုတ်ရင် ဆေးကိုရပ်တော့မှာလား။ ဒါမှမဟုတ်ရင် ဆေးသောက်ခါနီးတိုင်း ဂျီကျနေဦးမှာလား။

သမီးကဲကဲ ။ ။ ဦးဦးဆရာဝန်ရေ၊ ဒီရောက်ပြီးလို့ ဒီလောက်ကြီး ပြောဆိုနေပြီးမှတော့ တီဘီကုထုံးအကြောင်း တော်တော်သဘောပေါက်သွားပါပြီ။ စောစောက ပြောဆိုနေတုန်းမှာပဲ သမီးဆုံးဖြတ်ချက်တစ်ခုကို ခိုင်ခိုင်မာမာချလိုက်ပါပြီ။

ကျွန်တော်ဆရာဝန် ။ ။ သမီးရဲ့ဆုံးဖြတ်ချက်က. . .။

သမီးကဲကဲ ။ ။ "သောက်ပါ့မယ်။ ပျောက်တော့ တီဘီရေ. . ."

မေမေပိုပို ။ ။ အမလေးဟဲ့၊ မင်းနဲ့တွေ့တော့မှပဲ အဆင်ပြေတော့တယ်၊ မောင်လေး ဆရာဝန်ရေ။

ကျွန်တော်ဆရာဝန် ။ ။ ကိုယ့်တာဝန်ကိုယ်ယူတတ်တဲ့ သမီးကဲကဲကို ဦးဦးက ဂုဏ်ယူပါတယ်ကွယ်။ သမီးလေး ရောဂါပျောက်ကင်းနိုင်ပါစေ။

ပြတ်သားသောကတိ၊ မှန်ကန်သောဆုံးဖြတ်ချက်၊ တိကျသောရည်မှန်းချက်များဖြင့် ပြည့်နေသော လူနာတစ်ဖြစ်လဲ သမီးကဲကဲကို တာဝန်ကျေသူ လူနာရှင် လူနာ့မိခင် မေမေပိုပိုနဲ့ ကျွန်တော်ဆရာဝန်တို့က တီဘီရောဂါ ပျောက်ကင်းပါစေကြောင်း ဆုတောင်းပေးလျက်. . .။ ။

နိုင်ငံတကာအားကစားမြင်ကွင်း

မောင်မောင်မြင့်ဆွေ – စုစည်းသည်

အိုဆာစူနာနှင့် မာလာဂါတို့ အနိုင်ရရှိရေး တစ်ဖက်နှင့်တစ်ဖက် ဤသို့ အကြိတ် အနယ် အ ပြန် အ လှန် ထိုးဖောက် ကစားခဲ့ကြသည်။ (အင်တာနက်-ဓာတ်ပုံ)

စပိန်လာလီဂါပွဲစဉ်(၃၄) ဆက်လက်ယှဉ်ပြိုင် အိုဆာစူနာနှင့် မာလာဂါတို့ သရေပွဲဖြစ်

မက်ဒရစ် ဧပြီ ၂၄

စပိန်လာလီဂါပွဲစဉ်(၃၄) လက်ကျန်ပွဲစဉ်အဖြစ် အိုဆာစူနာနှင့် မာလာဂါအသင်းတို့ ဧပြီ ၂၄ ရက် နံနက်က ယှဉ်ပြိုင်ကစားရာ တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သည်။

တန်းစီဇယား တတိယနေရာမှ ဗလင်စီယာအသင်းကို ဖိအားပေးရန် နိုင်ပွဲလိုအပ်နေသော မာလာဂါအသင်းသည် အဝေးကွင်း၌ ကစားရသော်လည်း အိုဆာစူနာနောက်တန်းကို အကြိမ်ကြိမ် ခြိမ်းခြောက်နိုင်ခဲ့သည်။

အိမ်ရှင်အိုဆာစူနာတို့ကလည်း အိမ်ကွင်း၌ အမှတ်ပြည့်ရယူနိုင်ရေး ကြိုးစားခဲ့သော်လည်း မာလာဂါနောက်တန်းခံစစ်မှူးများ အမှားအယွင်းနည်းစွာ ဟန့်တားနိုင်မှုကြောင့် ဂိုးမသွင်းနိုင်ခဲ့ချေ။

ဒုတိယပိုင်းပွဲချိန် ၅၃ မိနစ်တွင် နီနိုက အိုဆာစူနာအသင်းအတွက် အဖွင့်ဂိုး စတင်သွင်းယူနိုင်ခဲ့သည်။ သို့သော် ပွဲချိန် ၆၇ မိနစ်၌ ကာဇိုလာက မာလာဂါအတွက် ချေပဂိုးသွင်းယူနိုင်ခဲ့သဖြင့် တစ်ဂိုးစီသရေပွဲဖြစ်ပြီး တစ်မှတ်စီ ခွဲယူခဲ့ကြရခြင်းဖြစ်သည်။

ယခုပွဲသရေကျခဲ့သဖြင့် မာလာဂါအသင်းသည် ၃၄ ပွဲကစား ၅၂ မှတ်ဖြင့် တန်းစီဇယား စတုတ္ထနေရာတွင် ရှိနေပြီး အိုဆာစူနာကမူ ၃၄ ပွဲ ကစား ၄၇ မှတ်ဖြင့် တန်းစီဇယား အဋ္ဌမနေရာ၌ ရှိနေသည်။ **(အင်တာနက်)**

ဘာစီလိုနာအိုးပင်းတင်းနစ်ပြိုင်ပွဲ ပေါ်တူဂီတင်းနစ်သမား ဆိုဆာနိုင်ပွဲရ

ဘာစီလိုနာ ဧပြီ ၂၄

ဘာစီလိုနာအိုးပင်းတင်းနစ်ပြိုင်ပွဲကို စပိန်နိုင်ငံ ဘာစီလိုနာမြို့၌ ဧပြီ ၂၄ ရက်က စတင်ကျင်းပရာ အမျိုးသားတစ်ဦးချင်းပြိုင်ပွဲ ပထမအဆင့်ပွဲစဉ်၌ ပေါ်တူဂီတင်းနစ်သမားဆိုဆာက ရုရှားတင်းနစ်သမား အိုင်ဂေါကူနစ်ဆင်အား အနိုင်ရရှိခဲ့သည်။

ဆိုဆာ (ဝဲပုံ) သည် အိုင်ဂေါကူနစ်ဆင်အား ၇-၅(၅)၊ ၆-၃ ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ ထိုပွဲ၌ အနိုင်ရရှိရန် ဆိုဆာသည် နှစ်နာရီခန့်မျှ ယှဉ်ပြိုင်ကစားခဲ့ရသည်။

အခြားပွဲစဉ်အဖြစ် ဘယ်လ်ဂျီယံတင်းနစ်သမား ဒါဆစ်က ကာဇက်စတန်တင်းနစ်သမား အင်ဒရီဂိုလူဘီဗ်အား ၄-၆၊ ၇-၆(၂)၊ ၇-၆(၅) ဖြင့် နိုင်ပွဲရရှိခဲ့သည်။ တစ်ဖန် ပြင်သစ်တင်းနစ်သမား ပီရီက ချက်တင်းနစ်သမား လူကတ်စ်ရိုဆိုလ်အား ၆-၁၊ ၇-၅ ဖြင့် နိုင်ပွဲရရှိခဲ့သည်။ ထို့အတူ ဆားဘီးယားတင်းနစ်သမား ကရာဂျီနိုဗစ်က စပိန်တင်းနစ်သမား ဆာဗင်တက်စ်အား ၆-၂၊ ၆-၄ ဖြင့် နိုင်ပွဲရရှိပြီး ဒုတိယအဆင့်သို့ အသီးသီးတက်ရောက်နိုင်ခဲ့ကြသည်။ **(အင်တာနက်)**

ကမ္ဘာ့စနူကာချန်ပီယံရှစ်ပြိုင်ပွဲ စကော့တလန်မှ မာဂွီရီနိုင်ပွဲရ

ရှက်ဖ်ဖီး ဧပြီ ၂၄

အင်္ဂလန်နိုင်ငံ ရှက်ဖ်ဖီးမြို့တွင် ကျင်းပလျက်ရှိသော ၂၀၁၂ ခုနှစ် ကမ္ဘာ့စနူကာချန်ပီယံရှစ်ပြိုင်ပွဲ ပထမအဆင့် ပတ်လည်ပွဲစဉ်များကို ဧပြီ ၂၄ ရက်က ဆက်လက်ယှဉ်ပြိုင်ရာ စကော့တလန်မှ စတီဖင်မာဂွီရီ **(ယာပုံ)** က ဘယ်လ်ဂျီယံမှ လူကာဘရီစီကို နိုင်ပွဲရရှိခဲ့သည်။

စတီဖင်ဖာဂွီရီသည် လူကာဘရီစီအား ၁၀-၅ ဖြင့် နိုင်ပွဲရရှိခဲ့ခြင်းဖြစ်ပြီး နောက်တစ်ဆင့်သို့ တက်ရောက်နိုင်ခဲ့သည်။ ထို့အတူ ဝေးလ်မှ ဂျိမ်းဂျိုနက်စ်က အင်္ဂလန်မှ မာဗီအား ၁၀-၈ ဖြင့် နိုင်ပွဲရရှိခဲ့သည်။ တစ်ဖန် ဝေးလ်မှ မက်သရူးစတီဗင်က ဟောင်ကောင်မှ မာကိုဖူအား ၁၀-၃ ဖြင့် နိုင်ပွဲရရှိခဲ့သည်။ ကမ္ဘာ့စနူကာချန်ပီယံရှစ်ပြိုင်ပွဲများကို ဧပြီ ၂၅ ရက်၌ ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ **(အင်တာနက်)**



အင်ဒိုနီးရှားလူငယ် ဘောလုံးသမားရှစ်ဦး စပိန်သို့ စေလွှတ်လေ့ကျင့်မည်

ဂျကာတာ ဧပြီ ၂၄

အင်ဒိုနီးရှားနိုင်ငံမှ လူငယ်ဘောလုံးသမားရှစ်ဦးအား စပိန်နိုင်ငံ မက်ဒရစ်မြို့သို့ လာမည့်မေလတွင် ပို့ဆောင်ကာ ဘောလုံးလေ့ကျင့်မှုများ ပြုလုပ်စေမည်ဖြစ်ကြောင်း အင်ဒိုနီးရှားနိုင်ငံထုတ် ဂျကာတာပို့စ်သတင်းစာက ဧပြီ ၂၄ ရက်တွင် ဖော်ပြသည်။ အဆိုပါ လူငယ်ဘောလုံးသမားများသည် အင်ဒိုနီးရှားပညာရေးလိဂ်(အယ်လ်ပီအိုင်)မှ ပါရမီရှိသော လူငယ်ဘောလုံးသမားများဖြစ်သည်။ ၎င်းဘောလုံးသမားများသည် အင်ဒိုနီးရှားနိုင်ငံ၏ မျိုးဆက်သစ်ဘောလုံးသမားများဖြစ်လာစေရန် မျှော်မှန်းချက်ဖြင့် စေလွှတ်လေ့ကျင့်စေခြင်းဖြစ်သည်။

ယင်းလူငယ်ဘောလုံးသမားများသည် အင်ဒိုနီးရှားနိုင်ငံအလယ်တန်းနှင့် အထက်တန်းအဆင့်ကျောင်းသားများဖြစ်ပြီး အတန်းတင်စာမေးပွဲကာလ၌ အင်ဒိုနီးရှားသို့ ပြန်လာကာ စာမေးပွဲဖြေကြမည်ဖြစ်သည်။ စာမေးပွဲပြီးနောက် စပိန်နိုင်ငံသို့ ပြန်လည်သွားရောက်လေ့ကျင့်ကြမည်ဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာအားကစားသတင်း

မြင့်မောင်စိုး – စုစည်းသည်

ရီးရဲမက်ဒရစ်အိမ်ကွင်း ဘိုင်ယန်မြူးနစ် အနိုင်ကစားနိုင်ပါ့မလား

မက်ဒရစ် ဧပြီ ၂၄

*ရီးရဲမက်ဒရစ်နှင့် ဘိုင်ယန်မြူးနစ်အသင်းတို့သည် ဧပြီ ၂၆ ရက် နံနက်ပိုင်းတွင် ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲ ဒုတိယအကျော့အဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ **(ယာပုံ)***

ယင်းတို့သည် ပထမအကျော့ ဘိုင်ယန်မြူးနစ် အိမ်ကွင်းတွင် ဘိုင်ယန်မြူးနစ်က ရီးရဲမက်ဒရစ်ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားသည်။ ယခုအခါ ရီးရဲမက်ဒရစ်က အိမ်ရှင်အဖြစ် ကစားရမည်ဖြစ်သည်။ ရီးရဲမက်ဒရစ်အသင်းသည် ပြီးခဲ့သည့် အပတ်က လာလီဂါတွင် ပြိုင်ဘက်ဘာစီလိုနာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည့်အသင်းဖြစ်သည်။ ရီးရဲမက်ဒရစ်နည်းပြ မော်ရင်ဟိုက သူ၏အသင်းကို ချန်ပီယံလိဂ် ဗိုလ်လုပွဲသို့ ရောက်အောင်ကစားနိုင်လိမ့်မည်ဟု ဆိုထားသည်။ ရီးရဲမက်ဒရစ်အသင်းသည် ချန်ပီယံလိဂ်ဖလားကို ကိုးကြိမ်အထိ ဆွတ်ခူးထားသည့်အသင်းဖြစ်သည်။ ထို့အတူ ဘိုင်ယန်မြူးနစ်ကလည်း လေးကြိမ်ဆွတ်ခူးထားသည့် အသင်းဖြစ်သည်။ ပရိသတ်များ စိတ်ဝင်စားသည့် ပွဲကြီးပွဲကောင်းဖြစ်သည်။ ***(အင်တာနက်)***

မန်ယူနည်းပြကြီး ဖာဂူဆန်။

မန်ယူ နှင့်မန်စီးတီး အကြီးမားဆုံး ဒါဘီပွဲဖြစ်လာမည်

လန်ဒန် ဧပြီ ၂၄

မန်ယူနှင့်မန်စီးတီးတို့သည် လာမည့် ဧပြီ ၃၀ ရက်တွင် ပရီမီယာလိဂ်ပွဲစဉ် (၃၆)အဖြစ် ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။ ယင်းပြိုင်ပွဲသည် အကြီးမားဆုံးဒါဘီပွဲဖြစ်လိမ့်မည်ဖြစ်ကြောင်း မန်ယူနည်းပြကြီး ဖာဂူဆန်က ပြောကြားသည်။

မန်ယူအသင်းသည် ပြီးခဲ့သည့်သီတင်းပတ်က အဲဗာတန်နှင့်ကစားရာတွင် လေးဂိုး-နှစ်ဂိုးဖြင့်ဦးဆောင်ကစားပြီးမှ အဲဗာတန်၏ချေပဂိုးများကြောင့် သရေပွဲနှင့်ကြုံခဲ့ရသည်။ ယင်းသရေပွဲရလဒ်အဖြေကြောင့် မန်ယူကိုမန်စီးတီးက ဖလားတိုက်ပွဲအတွက် ပို၍ဖိအားပေးနိုင်ခဲ့သည်။ ထို့ကြောင့်လည်း လာမည့် ဧပြီ ၃၀ ရက်ပွဲသည် အကြီးမားဆုံး ဒါဘီပွဲဖြစ်လိမ့်မည်ဟု ဖာဂူဆန်ကပြောကြားလိုက်ခြင်းဖြစ်သည်။ ထိုနေ့တွင် မန်စီးတီးက အိမ်ကွင်း၌ ကစားရမည်ဖြစ်သည်။

မန်ယူနှင့်မန်စီးတီးတို့သည် အောက်တိုဘာလက ပထမအကြိမ်တွေ့ဆုံခဲ့ရာ မန်စီးတီးက ခြောက်ဂိုး-တစ်ဂိုးဖြင့် နိုင်ခဲ့သည်။ လာမည့် ဧပြီ ၃၀ ရက်တွင် မန်စီးတီးကမန်ယူကို အနိုင်ကစားနိုင်လျှင် ဂိုးကွာခြားချက်ဖြင့် အမှတ်ပေးဇယားထိပ်သို့ပြန်ရောက်နိုင်သည်။ ထို့ကြောင့် မန်ယူနှင့်မန်စီးတီးတို့ပွဲသည် ယခုနှစ်ပရီမီယာလိဂ်ဖလားဆွတ်ခူးနိုင်ရေးအတွက် အရေးကြီးဆုံး ပြိုင်ပွဲတစ်ပွဲဖြစ်သည်။ **(အင်တာနက်)**

ဂျကာတာမာစတာဖလား လီဝက်စ်ဝုဒ်အနိုင်ရဗိုလ်စွဲ

ဂျကာတာ ဧပြီ ၂၄

*အင်္ဂလန်ဂေါက်သီးအကျော်အမော် လီဝက်စ်ဝုဒ် **(ယာပုံ)** သည် ဂျကာတာ၌ ဧပြီ ၂၂ ရက်က ကျင်းပသော အင်ဒိုနီးရှားမာစတာဖလားဂေါက်သီးရိုက်ပြိုင်ပွဲတွင် အောင်မြင်စွာ ကာကွယ်နိုင်ခဲ့သည်။*

ကမ္ဘာ့နံပါတ်-၃ အဆင့်ရှိ လီဝက်စ်ဝုဒ်သည် နောက်ဆုံးနေ့က နှစ်ချက်လျှော့ရိုက်နိုင်ခဲ့သည်။ ၎င်းသည် စုစုပေါင်း ၂၇၂ ချက်သာရိုက်ခဲ့သည်။ စုစုပေါင်း ၁၆ ချက်လျှော့ရိုက်နိုင်ခဲ့သည်။ ယင်းပြိုင်ပွဲတွင် ထိုင်းမှ သာဝန်းဝီရာချတ်က ဒုတိယ၊ အိန္ဒိယမှ ဂါဂန်ဂျစ်နှင့် ကာပူးတို့က ပူးတွဲတတိယရရှိသွားခဲ့သည်။

လီဝက်စ်ဝုဒ်သည် နောက်ဆုံးနေ့ပြိုင်ပွဲကို အခြားပြိုင်ဘက်အားကစားသမားများထက် ရှစ်ချက်အကျော့ဖြင့် ဆက်ကစားခဲ့သည်။ ၎င်းသည် တတိယနေ့က မိုးရွာနေ၍ မရိုက်လိုက်ရသောကျင်းများပါပေါင်းပြီး နောက်ဆုံးနေ့တွင် ရိုက်ခဲ့ရသည်။ နောက်ဆုံးနေ့တွင် စုစုပေါင်း ၃၂ ကျင်းအထိ ရိုက်ခဲ့ရသည်။ ***(အင်တာနက်)***

လန်ဒန်အိုလံပစ်ပြိုင်ပွဲအတွက် ဆီနီဂေါက အိုမန်ကိုနိုင်ပြီး ခြေစစ်ပွဲအောင်

ကိုဗင်ထရီ ဧပြီ ၂၄

ဆီနီဂေါအသင်းနှင့် အိုမန်အသင်းတို့သည် ဧပြီ ၂၃ ရက်က ကိုဗင်ထရီအားကစားကွင်း၌ လန်ဒန် ၂၀၁၂ အိုလံပစ်အားကစားပြိုင်ပွဲအတွက် ခြေစစ်ပွဲကစားကြရာ ဆီနီဂေါအသင်း **(အောက်ပုံ)**က နှစ်ဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ပြိုင်ပွဲဝင်ခွင့်ရရှိသွားသည်။ ဆီနီဂေါအသင်းသည် အိုလံပစ်အားကစားပြိုင်ပွဲကို (၁၆)ကြိမ်မြောက်အဖြစ် ဝင်ခွင့်ရရှိသွားခဲ့ခြင်းဖြစ်သည်။

အာဖရိကမှ ဆီနီဂေါ အပါအဝင် ဂါဘွန်၊ မော်ရိုကိုနှင့် အီဂျစ်တို့လည်း ကစားခွင့်ရခဲ့သည်။ ဆီနီဂေါအသင်းအတွက် အနိုင်ဂိုးများကို အီဘရာဟီမာဘာလိတ်နှင့် ဆာဒီယိုမာနီတို့က သွင်းယူသွားခဲ့ခြင်းဖြစ်သည်။ ဆီနီဂေါအသင်းသည် အာဖရိကမှ ပြိုင်ပွဲဝင်အသင်းများအနက် အတောင့်တင်းဆုံး အသင်းတစ်သင်း ဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား ကမ္ဘာတစ်လွှားထူးထူးခြားခြား

အာကာဟိန်း-စုစည်းသည်



ပေါင် ၈၉၀၀၀ ဈေးနှုန်းရရှိခဲ့သည့် ကမ္ဘာ့ဈေးအကြီးဆုံး ကစားစရာအရုပ်

လန်ဒန် ဧပြီ ၂၄

ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ဧပြီ ၂၂ ရက်က ကျင်းပခဲ့သော လေလံပွဲ၌ ရှားပါးသော ကစားစရာအရုပ်စစ်သင်္ဘောတစ်စင်းကို ပေါင် ၈၉၀၀၀ ဖြင့် ရောင်းချခဲ့ရာ ကမ္ဘာပေါ်တွင် ဈေးအကြီးဆုံး ကစားစရာအရုပ်အဖြစ် မှတ်တမ်းတင်နိုင်ခဲ့သည်။

ပြုလုပ်ထား

အဆိုပါ စစ်သင်္ဘောအရုပ်မှာ ဂျာမနီနိုင်ငံမှ ကစားစရာ ထုတ်လုပ်သည့် မာကင်ကုမ္ပဏီမှ ၁၉၀၅ ခုနှစ်၌ ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ အရှည် ၆၃စင်တီမီတာရှိသည့် ၎င်းစစ်သင်္ဘောအရုပ်သည် ၁၈၉၅ ခုနှစ်က ဖြစ်ပွားခဲ့သော ဘိုရာစစ်ပွဲအတွင်း အသုံးပြုခဲ့သည့် တော်ဝင်ရေတပ်မှ စစ်သင်္ဘောတစ်စင်း၏ ပုံစံအတိုင်းပြုလုပ်ထားခြင်းဖြစ်သည်။ **(အပေါ်ပုံ)**

အမြင့်ဆုံးဈေးရရှိ

လေလံပွဲစီစဉ်သူများက ၎င်းအရုပ်ကို ပေါင် ၆၀၀၀၀ ခန့်သာ အများဆုံးရရှိနိုင်မည်ဟု မျှော်မှန်းထားခဲ့သည်။ လေလံပွဲတွင် ကနဦးဈေးပေးမှုမှာ ပေါင် ၇၆၀၀၀ ဖြစ်ပြီး နောက်ဆုံး၌ ပေါင် ၈၉၀၀၀ ဖြင့် အမြင့်ဆုံးဈေးရရှိခဲ့ခြင်းဖြစ်သည်။

ဖော်ပြခံရ

ထို့ကြောင့် ကမ္ဘာပေါ်တွင် ဈေးအမြင့်ဆုံးကစားစရာအရုပ်အဖြစ် ဂင်းနက်စ်မှတ်တမ်း၌ ဖော်ပြခံရခြင်းဖြစ်သည်။

(အင်တာနက်)

အချိန်တိုအတွင်း ပီဇာမုန့် အများဆုံးလုပ်နိုင်သည့်အဖွဲ့

ဘန်ဒါဘတ် ဧပြီ ၂၄

ကမ္ဘာပေါ်တွင် အချိန်တိုအတွင်း ပီဇာမုန့်အရေအတွက် အများဆုံးလုပ်နိုင်သည့် အဖွဲ့အဖြစ် ဩစတြေးလျနိုင်ငံသား ရှစ်ဦးပါရှိသောအဖွဲ့က ဂင်းနက်စ်မှတ်တမ်းတင်နိုင်ခဲ့ကြောင်း ဧပြီ ၁၄ ရက်၌ သတင်းထုတ်ပြန်သည်။

၎င်းအဖွဲ့သည် ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ် ဘန်ဒါဘတ်မြို့ရှိ ဒိုမီနိုအမည်ရှိ စားသောက်ဆိုင်မှ မုန့်လုပ်သည့် ဝန်ထမ်းများဖြစ်ပြီး အချိန်တစ်နာရီအတွင်း ပီဇာမုန့် ၅၀၀ ကို ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ ပီဇာမုန့်ဝယ်ယူသူအများအပြားကို တစ်နာရီအတွင်း ပီဇာမုန့် ၅၀၀ ချက်ချင်းပြုလုပ်ရောင်းချနိုင်ခဲ့ခြင်းဖြစ်သည်။ **(ယာပုံ)**

အဆိုပါ အဖွဲ့သည် ဧပြီ ၁၂ ရက် ဒေသစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၃၀က စတင်ပြီး ပီဇာမုန့်များ စတင်ပြုလုပ်ခဲ့ရာ ၆ နာရီ မိနစ် ၃၀ ၌ ပီဇာမုန့် ၅၀၀ ကို ပြီးစီးအောင် ပြုလုပ်နိုင်ခဲ့ခြင်းဖြစ်သည်။ ယင်းအဖွဲ့သည် အချိန်၃၂မိနစ်အတွင်း ပီဇာမုန့် ၅၀၀ ပြီးစီးနိုင်ရေးနှင့် အချိန်တစ်နာရီအတွင်း ပီဇာမုန့် ၈၃၇ ခု ပြီးစီးအောင်ပြုလုပ်ကာ ဂင်းနက်စ်မှတ်တမ်းအသစ်ထပ်မံတင်နိုင်ရန် ဆက်လက်ကြိုးစားမည်ဖြစ်ကြောင်း ပြောကြားသည်။

(အင်တာနက်)

ကမ္ဘာ့လူဦးရေအများဆုံး စုပေါင်းကသည့်ပွဲ

မွမ်ဘိုင်း ဧပြီ ၂၄

ကမ္ဘာပေါ်တွင် လူဦးရေအများဆုံး စုပေါင်းကသည့်ပွဲအဖြစ် အိန္ဒိယနိုင်ငံမှ ကျောင်းသားကျောင်းသူများက ဂင်းနက်စ်မှတ်တမ်းတင်နိုင်ခဲ့ကြောင်း ဧပြီ ၁၄ ရက်၌ အင်တာနက်သတင်းတွင် ဖော်ပြသည်။

အိန္ဒိယနိုင်ငံတစ်ဝန်း အထက်တန်းကျောင်းနှင့် ကောလိပ်ကျောင်း ၁၃ ကျောင်းတို့မှ ကျောင်းသားကျောင်းသူ စုစုပေါင်း ၄၄၂၈ ဦးတို့က မွမ်ဘိုင်းမြို့တွင် အတူတကွ စုပေါင်းကကြခြင်း ဖြစ်သည်။ **(ဝဲပုံ)**

ပျော်ရွှင်စွာက

ထိုသို့ စုပေါင်းကပွဲတွင် အိန္ဒိယရုပ်ရှင်လောက ဖြစ်သည့် ဘောလိဝုဒ်မှ နာမည်ကြီး တေးသီချင်းဖြစ်သော Dhinkachik Dhinkachik အမည်ရှိသီချင်းကို စုပေါင်းသီဆိုကာ ပျော်ရွှင်စွာ ကကြခြင်းဖြစ်သည်။

ယင်းသို့ စုပေါင်းကကြရာတွင် မွမ်ဘိုင်းမြို့ ကေဂျေဆိုမီယာကောလိပ်ဝင်းအတွင်း၌ ပြုလုပ်ကြောင်း သတင်းတွင် ဖော်ပြသည်။ **(အင်တာနက်)**

အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ အိုင်တီနည်းပညာသုတ

အာကာကျော် - စုစည်းသည်

စမတ်ဖုန်းအလုံးသန်း ၃၀ ZTE ကုမ္ပဏီရောင်းချမည်

ဟောင်ကောင် ဧပြီ ၂၄

တရုတ်ဆက်သွယ်ရေးကုမ္ပဏီကြီးတစ်ခုဖြစ်သည့် ZTE ကော်ပိုရေးရှင်းသည် လွန်ခဲ့သည့် ၁၀နှစ်တာကာလအတွင်း အာဖရိက၌ မိုဘိုင်းလ်ဖုန်းဆက်သွယ်ရေးကို ပထမဆုံးအခြေချပေးခဲ့သည်။ ၎င်းကုမ္ပဏီသည် ယခုနှစ်အတွင်း စမတ်ဖုန်းအလုံးသန်း ၃၀ ကျော်ရောင်းချပေးသွားမည်ဖြစ်ကြောင်း ဧပြီ ၂၃ ရက်ကကြေညာသည်။ **(အပေါ်ပုံ)**

စီစဉ်လျက်ရှိ

ZTE သည် ကမ္ဘာပေါ်တွင် ဟမ်းဆက်စတုတ္ထအများဆုံးထုတ်လုပ်သည့် ကုမ္ပဏီကြီးဖြစ်သည်။ တရုတ်ဟမ်းဆက်ကုမ္ပဏီ Huawei ၏ အဓိကပြိုင်ဘက်ဖြစ်သည်။ Huawei ဟမ်းဆက်များ အာရှနိုင်ငံအတော်များများတွင် ထိုးဖောက်လျက်ရှိသည်။ ZTE ကုမ္ပဏီသည် စမတ်ဖုန်းမော်ဒယ်အသစ်များနှင့် Tablet ကွန်ပျူတာများ ထုတ်လုပ်သွားရန် စီစဉ်လျက်ရှိသည်။

ယှဉ်ပြိုင်ထုတ်လုပ်

၎င်းကုမ္ပဏီ၏ဌာနချုပ်သည် တရုတ်နိုင်ငံ ကွမ်တုံပြည်နယ် ရှင်ကျင့်၌တည်ရှိသည်။ ၁၉၈၅ ခုနှစ်တွင်တည်ထောင်ခဲ့သည်။ ယခုအခါ အာရှသာမက ဥရောပအထိ ထိုးဖောက် အောင်မြင်လျက်ရှိသည်။ ZTE သည် အက်ပဲလ်ကုမ္ပဏီမှ ထုတ်လုပ်သော iphone နှင့်ဆမ်ဆောင်းကုမ္ပဏီမှ ထုတ်လုပ်သော Galary ကွန်ပျူတာများကို ယှဉ်ပြိုင်ထုတ်လုပ်လာသည်။

(အင်တာနက်)

စွမ်းအင်ချွေတာရေး LED မီးသီးများအသုံးပြု

လော့စ်အိန်ဂျလိစ် ဧပြီ ၂၄

အမေရိကန်နိုင်ငံတွင် နှစ်ပေါင်း ၂၀ ကြာ အပတ်တကုတ် ကြိုးစားတီထွင် ထုတ်လုပ်ပြီး အကောင်းဆုံးမီးသီးဆုရ LED မီးသီးများကို ကမ္ဘာမြေနေ့ (Earth Day) ဟု လူသိများခဲ့သည့် ဧပြီ ၂၂ ရက်တွင် ပထမဆုံးမိတ်ဆက်ပြသ ရောင်းချပေးခဲ့သည်။ **(ယာပုံ)**

အဆိုပါ LED မီးသီးကို ဒတ်ချ်အီလက်ထရွန်နစ်ကုမ္ပဏီကြီးဖြစ်သော ဖီးလစ်က ထုတ်လုပ်ခဲ့ခြင်းဖြစ်သည်။ အဆိုပါမီးသီးတွင် အလင်းထွက်စေသည့် diode အမျှင်လေးများ တပ်ဆင်ထားသည်။ တန်စတင်ကြိုးမျှင်ကဲ့သို့ အပူထုတ်လွှတ်မှုမများပေ။ အပူထုတ်လွှတ်မှုနည်းသည့် diode အမျှင်များထည့်သွင်းအသုံးပြုထားသဖြင့် အပူနည်းစေ၍ ကမ္ဘာကြီးပူနွေးစေမှုကို များစွာအထောက်အကူဖြစ်စေလိမ့်မည်ဟု ဆိုသည်။

အဆိုပါ LED မီးသီးများကို ဖီးလစ်ကုမ္ပဏီက တာရှည်ခံအောင်ထုတ်လုပ်ထားပြီး တစ်လုံးတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၆၀ အထိရှိသည်။ စတင်ထုတ်လုပ်သည့် မီးသီးများမှာ တန်ဖိုးကြီးမားသော်လည်း ဒေါ်လာ ၂၀ နှင့် ဝယ်ယူနိုင်ရန် စီစဉ်သွားမည်ဖြစ်ကြောင်း ဖီးလစ်ကုမ္ပဏီက ကြေညာသည်။

စွမ်းအင်ခြိုးခြံချွေတာ

စွမ်းအင်ခြိုးခြံချွေတာသည့်အနေဖြင့် ဝပ် ၆၀ မီးသီးများနေရာတွင် ၎င်း LED မီးသီးများ အစားထိုးသုံးစွဲသွားနိုင်ရန် အမေရိကန်စွမ်းအင်ဦးစီးဌာနက ရည်ရွယ်သည်။ အမေရိကန်နှင့် ဥရောပတွင် ဝပ် ၁၀၀ နှင့် ဝပ် ၆၀ မီးသီးများ ထုတ်လုပ်မှုကိုရပ်ဆိုင်းပြီး နောင်တွင် ဝပ် ၄၀ အထက် မီးသီးများထုတ်လုပ်ခြင်းကို ပိတ်ပင်သွားမည်ဟု သိရသည်။ **(အင်တာနက်)**

ဗြိတိသျှမိုဘိုင်းလ်ဖုန်းကုမ္ပဏီ ကမ္ဘာ့ကေဘယ်လ်ဆက်သွယ်ရေးကုမ္ပဏီကိုဝယ်ယူ

လန်ဒန် ဧပြီ ၂၄

ဗြိတိသျှမိုဘိုင်းလ်ဖုန်းကုမ္ပဏီကြီးဖြစ်သော ဗိုဒါဖွန်း (Vodafone) ကုမ္ပဏီသည် တစ်ကမ္ဘာလုံးတွင် ကေဘယ်လ်နှင့် ကြိုးမဲ့ဆက်သွယ်ရေးကွန်ရက်အတွက် ဝန်ဆောင်မှုပေးနေသော Cable & Wireless Worldwide လုပ်ငန်းကို ပေါင် ၁ ဒသမ ၀ ဘီလီယံနှင့် ဝယ်ယူရန် သဘောတူညီလိုက်ပြီဖြစ်ကြောင်း ဗိုဒါဖွန်းမိုဘိုင်းလ်ဖုန်းကုမ္ပဏီက ဧပြီ ၂၃ ရက်တွင် ကြေညာသည်။ **(ဝဲပုံ)**

ဗိုဒါဖွန်းကုမ္ပဏီသည် အဆိုပါ Cable & Wireless Worldwide လုပ်ငန်းကို ဝယ်ယူရန် လွန်ခဲ့သည့် ဖေဖော်ဝါရီလတွင် စတင်ကြိုးစားခဲ့သည်။ ထိုအတောအတွင်း အိန္ဒိယဆက်သွယ်ရေးကုမ္ပဏီ တာတာကဝယ်ယူရန် ကြိုးစားခဲ့သော်လည်း သဘောတူညီမှုမရခဲ့ပေ။

စတင်ဆောင်ရွက်

Cable & Wireless Worldwide ကုမ္ပဏီသည် ကမ္ဘာ့ဆက်သွယ်ရေးကုမ္ပဏီကြီးဖြစ်သည်။ ၎င်းကို ဗြိတိသျှအင်ပါယာထူထောင်စဉ်ကာလ ၁၈၆၀ ပြည့်လွန်နှစ်များက ထူထောင်ခဲ့သည်။ ၁၉ ရာစုခေတ်တွင် ဗြိတိသျှအင်ပါယာနှင့် ဆက်သွယ်သောနိုင်ငံများအတွက် ရေအောက်ကေဘယ်လ်ဆက်သွယ်မှုကို စတင်ဆောင်ရွက်ခဲ့သည့် ကုမ္ပဏီကြီးဖြစ်သည်။ **(အင်တာနက်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး (၂၀) ရက်မြောက်နေ့ ဆက်လက်ကျင်းပ

မေးခွန်းများ မေးမြန်းဖြေကြားခြင်း၊ အဆိုဆွေးနွေးခြင်းနှင့် ဥပဒေကြမ်း (၁)ခု တင်သွင်းခြင်းတို့ ဆောင်ရွက်

နေပြည်တော် ဧပြီ ၂၄

ယနေ့ ပြည်သူ့လွှတ်တော်အစည်းအဝေး (၂၀)ရက်မြောက်နေ့ကို နံနက် ၁၁ နာရီ ၃၅ မိနစ်တွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ခန်းမ၌ ဆက်လက်ကျင်းပရာ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၃၈၀)တို့ တက်ရောက်ကြသည်။

အစည်းအဝေး၌ မေးခွန်း(၃)ခု မေးမြန်းဖြေကြားခြင်း၊ အဆို(၁)ခု ဆွေးနွေးခြင်းနှင့် ဥပဒေကြမ်း(၁)ခု တင်သွင်းခြင်းတို့ကို ဆောင်ရွက်ကြသည်။

မေးခွန်းများမေးမြန်းခြင်းကဏ္ဍ၌ ငွေမဲဆန္ဒနယ်မှ ဦးကြည်သာ၏ **ငွေမြို့နယ်ရှိ ကမ်းသာယာကမ်းခြေကို နိုင်ငံတော်က ပြန်လည်ထူထောင်ရန် အစီအစဉ်ရှိ/မရှိနှင့် သိမ်းယူထားသည့် အုန်းခင်းများအား မူလပိုင်ရှင်များသို့ ပြန်ပေးရန်အစီအစဉ်ရှိ/မရှိသိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဌေးအောင်က ငွေမြို့နယ် ကမ်းသာယာကမ်းခြေမှ ဦးပိုင်အမည်ပေါက် မြေဧရိယာ(၃၀၇ ဒသမ ၇၂)ဧကရှိ တောင်သူ(၁၉၂)ဦးအတွက် နှစ်ရှည်သီးနှံလျော်ကြေးငွေကျပ်(၇၃၆၂၄၇၀)၊ တောင်သူ(၁၉၇)ဦးအတွက် မြေလျော်ကြေးငွေ (၇၀၀၄) ကျပ်၊ တောင်သူ (၃၉)ဦးအတွက် ယာယီတဲအိမ်နှင့်ပျဉ်ထောင်အိမ် ပြောင်းရွှေ့စရိတ်လျော်ကြေးငွေ(၂၆၃၈၃၅)ကျပ် စုစုပေါင်းလျော်ကြေးငွေ (၇၆၃၃၃၀၉)ကျပ်အား ၁၉၉၈ ခုနှစ် မတ်လနှင့် ဧပြီလအတွင်း ပေးလျော်ခဲ့ပြီးဖြစ်သည်ကို သိရှိရပါကြောင်း၊ ထို့နောက် ကမ်းသာယာကမ်းခြေရှိ စုစုပေါင်းမြေဧရိယာ(၄၂၇ ဒသမ ၄၁)ဧကအနက်မှ မြေ(၄၅ ဒသမ ၈၂)ဧက အပေါ်တွင် အဆောက်အအုံ(၂၀)ဖြင့် ကမ်းသာယာအပန်းဖြေစခန်းအား ဆောက်လုပ်ခဲ့ပါကြောင်း၊ ရခိုင်ပြည်နယ် ငွေမြို့နယ်သို့ ၂၉-၄-၂၀၀၆ ရက်တွင် မာလာလေမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် ကမ်းသာယာဟိုတယ် အဆောက်အအုံ(၁၄)လုံး အမိုးလန်ပြိုကျခဲ့ပြီး လက်ရှိအခြေအနေတွင် အဆောက်အအုံ (၂၀)ရှိသော်လည်း အဆင်ပြေတည်းခိုနိုင်သော အဆောက်အအုံ (၃)လုံးနှင့် အခန်း (၅)ခန်းသာ ရှိပါကြောင်း။

မြန်မာနိုင်ငံတွင် သာယာလှပသော ပင်လယ်ကမ်းခြေများ များစွာရှိသည့်အနက် ယခုလက်ရှိ နိုင်ငံခြားသားခရီးသွားဧည့်သည်များဝင်ရောက်လည်ပတ်လျက်ရှိသော ငပလီကမ်းခြေ၊ ချောင်းသာကမ်းခြေနှင့် ငွေဆောင်ကမ်းခြေဒေသများကိုသာ အဆင်ပြေချောမွေ့စွာ ဝင်ရောက်လည်ပတ်နိုင်စေရေး မြှင့်တင်ဆောင်ရွက်ပေးလျက်ရှိပြီး လက်ရှိအခြေအနေတွင် ငွေမြို့နယ်ရှိ ကမ်းသာယာကမ်းခြေအား ပြန်လည်ထူထောင်ရန် အစီအစဉ်မရှိသေးပါကြောင်းနှင့် ချောင်းသာ၊ ငွေဆောင်၊ ငပလီကမ်းခြေဒေသများသို့ ပြည်တွင်း ပြည်ပဧည့်သည် တိုးတက်ဝင်ရောက်လာမှု အလားအလာအပေါ်မူတည်၍ သက်ဆိုင်ရာပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းပေါင်းစပ်ကာ လမ်းပန်းဆက်သွယ်ရေးမှအစ အခြေခံအဆောက်အအုံများ တိုးတက်ကောင်းမွန်လာအောင် ဆောင်ရွက်ပြီးမှသာ ကမ်းသာယာအပန်းဖြေစခန်းအား ပြန်လည်ထူထောင်ရန် စဉ်းစားဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ဟိုပန်မဲဆန္ဒနယ်မှ ဦးကျင်ဝမ်း၏ **ဟိုပန်မြို့နှင့် အနီးကပ်ဆက်စပ်လျက်တည်ရှိသော ဖာခါးကြိုးဝိုင်းအား သစ်တောဧရိယာသတ်မှတ်ထားခြင်းမှ ပယ်ဖျက်ပြီး မူလပိုင်ရှင်ဖြစ်သော ကျေးလက်နေ တောင်သူလယ်သမားများ၏ စိုက်ပျိုးရေးမြေအဖြစ် ပြန်လည်သတ်မှတ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းက ဖာခါးကြိုးဝိုင်းမှာ မူလကကြိုးဝိုင်းဧရိယာဧက(၂၀၄၈၀) ဖွဲ့စည်းရန်လျာထားခဲ့သော်လည်း ကြိုးဝိုင်းဖွဲ့စည်းမည့် ဧရိယာအတွင်း မော်ဟွေ့၊ ဟာဖြတ်၊ ဖားဟာ၊ ဖာလင်နှင့်ပန်ကောက်ကျေးရွာအုပ်စု (၅)အုပ်စုရှိ ကျေးရွာပေါင်း(၄၇)ရွာအတွက် ရွာမြေနှင့်ယာမြေ စုစုပေါင်း(၂၃၆၃ ဒသမ ၅)ဧက ပါဝင်နေသဖြင့် ၎င်းတို့ကို ချန်လှပ်ပြီး ကြိုးဝိုင်းဖွဲ့စည်းခဲ့ခြင်းဖြစ်ပါကြောင်း၊ ဖော်ပြပါကျေးရွာများအတွက် ကြိုးဝိုင်းအတွင်းဖြတ်သန်းသွားလာခွင့်နှင့် သစ်တောထွက်ပစ္စည်းများ ထုတ်ယူသုံးစွဲခွင့်တို့ကို သတ်မှတ်ခွင့်ပြုပေးခဲ့ပါကြောင်း၊ သို့ဖြစ်ရာ ကြိုးဝိုင်းဖွဲ့စည်းပြီးမှ မြို့ပေါ်ရပ်ကွက်တွင်နေထိုင်သူများ၏ ကြိုးဝိုင်းအတွင်းကျူးကျော်ဝင်ရောက်လုပ်ကိုင်ဆောင်ရွက်မှုများမှာ ဖော်ပြပါကြိုးဝိုင်းမဖွဲ့မီ နေထိုင်သူများအတွက် ခွင့်ပြုပေးသည့် ဆိုင်ရာဆိုင်ခွင့်များနှင့် အကျုံးဝင်ခြင်းမရှိပါကြောင်း။

သို့ဖြစ်၍ ဖာခါးကြိုးဝိုင်းတွင် ကြိုးဝိုင်းမဖွဲ့စည်းမီက ရှိနေသည့် ကျေးရွာသားများအား သစ်တောဥပဒေအရ ဆိုင်ရာဆိုင်ခွင့်များကို ပေးထားပြီးဖြစ်ပါကြောင်းနှင့် ကြိုးဝိုင်းဖွဲ့စည်းပြီးမှ ကျူးကျော်ဝင်ရောက်လုပ်ကိုင်မှုများကိုမူ သစ်တောကြိုးဝိုင်းအဖြစ်သတ်မှတ်ခြင်းအား ပယ်ဖျက်ခြင်းမပြုဘဲ သစ်တောထိန်းသိမ်းရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ကြစေရေးအတွက် ဒေသခံလူထုအား စည်းရုံးကြိုးပမ်းသွားမည် ဖြစ်ပါကြောင်းဖြင့် ပြန်လည်ဖြေကြားသည်။

ပြည်သူ့လွှတ်တော်အစည်းအဝေး (၂၀)ရက်မြောက်နေ့သို့ တက်ရောက်လာကြသူများအား တွေ့ရစဉ်။ (သတင်းစဉ်)

ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း၏ **အင်းဂရန်နယ်နိမိတ်ဝန်းကျင်တွင် အခြေချနေထိုင်လျက်ရှိသော သားငါးရှာဖွေစားသောက်သည့် ရေလုပ်သားများအား အင်းခွန်ကိုကြမ်းခင်းဈေး အရစ်ကျစနစ်ဖြင့်ချထားလုပ်ကိုင်ခွင့်ပြုရန်အစီအစဉ် ရှိ/မရှိနှင့် ကျေးလက်ဒေသတွင် ရေပေါ်ရေလျှံသားငါးရှာဖွေစားသောက်ရာတွင် အခွန်အခမပေးဆောင်ရဘဲ လွတ်လပ်စွာရှာဖွေစားသောက်ခွင့်ပြုရန် အစီအစဉ် ရှိ/မရှိ သိရှိလိုကြောင်း** မေးခွန်းနှင့်စပ်လျဉ်း၍ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်အေးက ၁၉၈၉ခုနှစ်မတိုင်မီက မြန်မာနိုင်ငံ ငါးလုပ်ငန်းအက်ဥပဒေအရ အင်းခွန်ငွေများကို အရစ်ကျပေးသွင်းခွင့်ပြုခဲ့သော်လည်း အင်းလုပ်ငန်းမှာ ရာသီဥတုအပေါ် တည်မှီ၍ဆောင်ရွက်ရသော လုပ်ငန်းဖြစ်သဖြင့် လုပ်ငန်းအရှုံးပေါ်သည့်နှစ်များတွင် ရေလုပ်သားများမှအရစ်ကျငွေများကို ပေးသွင်းနိုင်ခြင်းမရှိဘဲ အင်းခွန်ကြွေးကျန်များဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရပါကြောင်း၊ ထိုကြွေးကျန်များကို ကောက်ခံရာတွင် ရေလုပ်သားအများစုမှာ အမှန်တကယ်ပေးသွင်းနိုင်မှုမရှိခြင်း၊ အာမခံတင်သွင်းထားသည့် နေအိမ်၊ ပစ္စည်းစသည်တို့ကိုသိမ်းဆည်း၍ ကြွေးပေးသွင်းစေရန်မှာလည်း အခက်အခဲရှိခြင်းတို့ကြောင့် အင်းခွန်ငွေအရစ်ကျ ပေးသွင်းစေသည့်စနစ်မှာ ရေလုပ်သားများနှင့်ဌာနအတွက် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်ကို တွေ့ရှိရပါကြောင်း။

၁၉၈၉ ခုနှစ်တွင် နိုင်ငံတော်အစိုးရက ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်ခဲ့ခြင်းကြောင့် တည်ဆဲ ရေချိုငါးလုပ်ငန်းဥပဒေနှင့်အညီ ဂရန်အင်းများကို ဈေးပြိုင်စနစ်ဖြင့် လေလံတင်ရောင်းချ၍ အင်းခွန်ငွေများကို နိုင်ငံတော်သို့လက်ငင်းချေစနစ်ဖြင့် အပြေအကြေပေးဆောင်စေလျက်ရှိပါကြောင်း၊ သို့ပါ၍ အင်းဂရန်နယ်နိမိတ်ဝန်းကျင်တွင် အခြေကျနေထိုင်လျက်ရှိသော ရေလုပ်သားများအနေဖြင့် တည်ဆဲရေချိုငါးလုပ်ငန်းဥပဒေအရ

စာမျက်နှာ ၃ ကော်လံ ၁ ◆

လူ့စွမ်းအင်ဖြင့် ပျံသန်းမည့်လေယာဉ်

ဗြိတိန်နိုင်ငံသား ဂျမ်စတန်ဖီလ်အမည်ရှိ အမျိုးသားတစ်ဦးသည် လူ၏စွမ်းအင်ဖြင့် ပျံသန်းနိုင်သည့် ပထမဆုံးလေယာဉ်ကို စမ်းသပ်ပျံသန်းရန် စီစဉ်နေပြီဖြစ်ကြောင်း ဧပြီ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ လေယာဉ်ဒီဇိုင်းကို ဂျမ်စတန်ဖီလ်ကိုယ်တိုင် ရေးဆွဲပုံထုတ်ထားခြင်းဖြစ်ပြီး သူ၏မိတ်ဆွေများအကူအညီဖြင့် ၎င်းလေယာဉ်ငယ်ကို တည်ဆောက်ထားခြင်းဖြစ်သည်။ လူတစ်ဦးစီးနင်းနိုင်သော ယင်းလေယာဉ်တွင် ခြေနင်းများပါရှိပြီး ၎င်းခြေနင်းများပေါ်တွင် လိုက်ပါစီးနင်းသူက ခြေထောက်များဖြင့် စက်ဘီးနင်းသကဲ့သို့နင်းကာ မော်တာကို လည်ပတ်စေပြီး လေယာဉ်အင်ဂျင်အားဖြင့် လေထဲတွင်ပျံသန်းနိုင်ရန် ပြုလုပ်ထားခြင်းဖြစ်သည်။ ***(အပေါ်ပုံ)***

စမ်းသပ်ပျံသန်း

လေထဲတွင်ပျံသန်းနေစဉ် လေယာဉ်အရှိန်ထိန်းခြင်းနှင့် မြေပြင်သို့ဆင်းသက်ခြင်းတို့တွင် မောင်းနှင်သူ၏ ခြေထောက်ဖြင့် ခြေနင်းများကိုထိန်းကာ ဆင်းသက်နိုင်ရန် ပြုလုပ်ထားသည်။အဆိုပါလေယာဉ်ကို မကြာမီ စမ်းသပ်ပျံသန်းနိုင်ရန် ဂျမ်စတန်ဖီလ်နှင့်အဖွဲ့က ကြိုးစားလျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။ ***(အင်တာနက်)***

မြန်မာ့အလင်း **အာကာသသိပ္ပံ**

ဂြိုဟ်သိမ်ဂြိုဟ်မွှားများပေါ်တွင် ဓာတ်သတ္တုတူးဖော်မည်

နယူးယောက် ဧပြီ ၂၄

ချမ်းသာကြွယ်ဝသော စီးပွားရေးသမားများပူးပေါင်းလျက် ဂြိုဟ်သိမ်ဂြိုဟ်မွှားများပေါ်တွင် သတ္တုတူးဖော်ရေးလုပ်ငန်းလုပ်ကိုင်ရန် အစီအစဉ်အသေးစိတ်တစ်ခု ထွက်ပေါ်လာပြီဖြစ်ကြောင်း ဧပြီ ၂၄ ရက်က အင်တာနက်သတင်းတစ်ရပ်၌ ဖော်ပြထားသည်။

ဒေါ်လာသန်းပေါင်းများစွာ ကုန်ကျမည့် ယင်းစီမံကိန်းသည် ဂြိုဟ်သိမ်ဂြိုဟ်မွှားများ ပေါ်တွင် စက်ရုပ် အာကာသယာဉ်ကို အသုံးပြုသွားရန် စီစဉ်လျက်ရှိသည်။ ဂြိုဟ်သိမ်ဂြိုဟ်မွှားများ၏ ကျောက်တုံးများအတွင်းရှိ ရွှေ၊ ပလက်တီနမ်ကဲ့သို့သော ဓာတ်သတ္တုများ ရှာဖွေသွားရန် စီစဉ်လျက်ရှိသည်။ စာမျက်နှာ ၃ ကော်လံ ၃ ❐